မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လှိုင်သာယာ၊ ကြည့်မြင်တိုင်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၅ တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းနှင့် ဦးပုညလမ်းထောင့်ရှိ မဟာအောင်မြေရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင် စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်အမြန်ရထား စတင်ပြေးဆွဲ ရထားလမ်းဆက်စပ်ရာဒေသများသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင် ဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက် အကျိုးဖြစ်ထွန်းလာမည်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုကောင်းမွန်အောင်ပြုပြင်၍ အဆင့်မြင့်တင်ပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ကာ ခရီးစဉ်သစ်များ ပြေးဆွဲပေးလျက်ရှိရာ မွန်ပြည်နယ်ရှိ မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက် ၅နာရီ မိနစ် ၄၀တွင် မွန်ပြည်နယ် မော်လမြိုင်ဘူတာ၌ ကျင်းပသည်။



မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်အမြန်ရထားပေါ်တွင် လိုက်ပါစီးနင်းကြသော ခရီးသည်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ *

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး သန့်ရှင်းသာယာလှပသော မြို့များဖြစ်ရေး ဖော်ဆောင်

သန့်ရှင်းသာယာလှပသော မြို့ရွာများအဖြစ် တည်ဆောက်ပေးခြင်းသည် ပြည်သူများ၏ လူနေမှုအဆင့် မြင့်မားမှုကို အထောက်အကူပြုလျက် ရှိသည်။

မြို့များအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်သည့် လုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပေသည်။

ယင်းသို့ဖော်ဆောင်ရာတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရေး၊ အမှိုက်ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်လျက် အမှိုက်သိမ်းဆည်းမှု ထိရောက်မှန်ကန်စွာဆောင်ရွက်ရေး၊ လမ်းများပျက်စီးမှု မရှိစေရေး တစ်ကွက်ပေါက် တစ်ကွက်ဖာစနစ် ကျင့်သုံးရေးတို့ကို အမြဲမပြတ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထို့အပြင် လမ်းများ၊ တံတားများ၌လည်း ရေစီးရေလာကောင်းမွန်ရေး၊ ကြံ့ခိုင်မှုရှိရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ အချက်ပြစနစ်များ တိုးတက်ကောင်းမွန်ရေးကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြို့များ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူများအနေဖြင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို လိုက်နာကြရမည်ဖြစ်သည်။

မြို့များ သန့်ရှင်း၊ သပ်ရပ်မှုများရှိလာစေရန် ဆောင်ရွက်ရုံမျှမက စိမ်းလန်းသာယာသည့် ဝန်းကျင်များအဖြစ် တည်ဆောက်သွားရမည်ဖြစ်ရာ မြို့တွင်းလမ်းမကြီးများတစ်လျှောက် ပန်းအလှပင်များ၊ နှစ်ရှည်အလှပင်ကြီးများ စနစ်တကျစိုက်ပျိုးလျက် မြေယာရှုခင်းများဖြင့် လှပနေအောင် ဖန်တီးသွားရန် လိုအပ်သည်။

သို့ဖြစ်ရာ သန့်ရှင်းသာယာလှပသော မြို့များအဖြစ် ကြိုးပမ်းဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၀–၉–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၁။	လျှပ်တစ်ပြက်
၇:၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၂၀)
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစုံစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၂၃)

မော်တော်ကားနှင့် ယာဉ်အပိုပစ္စည်းများ ဗီယက်နမ် တင်သွင်းမှု ပိုများလာ

ဟန္နိုင်း စက်တင်ဘာ ၉

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမရှစ်လတာကာလအတွင်း မော်တော်ကားများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများတင်သွင်းမှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၅၂ သန်းဖိုးခန့်ရှိကြောင်း၊ နှစ်ချင်းအလိုက်မြင့်တက်မှုမှာ ၇၆ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းရုံးက စက်တင်ဘာ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

တင်သွင်း

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လအကြား မော်တော်ယာဉ်အစီး ၁၄၀၀၀ တင်သွင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၂၇၃သန်းဖိုးခန့်ရှိကြောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းနှင့် အရန်ပစ္စည်းများ တင်သွင်းမှုမှာ ထိုကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၄၅၀ ဖိုးခန့်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်း၊ ပြည်ပမော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်း ၁၃ ခုတို့ပူးပေါင်းပြီး လောလောဆယ်တွင် တစ်နှစ်လျှင် မော်တော်ကား အစီးရေ ၁၇၃၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

အပိုပစ္စည်းများထုတ်လုပ်

ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များကလည်း မော်တော်ကားအစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ ထုတ်လုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီဂျစ်၌ ရေနံသိုက်တစ်ခုရှာဖွေတွေ့ရှိ

ကိုင်ရို စက်တင်ဘာ ၉

အီဂျစ်နိုင်ငံ အက်ဝန်မြို့မြောက်ဘက် ကီလိုမီတာ ၈၀ခန့်အကွာ အယ်ဘာရာကာရေနံမြေ၌ ရေနံသိုက်တစ်ခု ရှာဖွေတွေ့ရှိကြောင်း၊ ထိုဒေသတွင် ရေနံရှာဖွေတွေ့ရှိမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အီဂျစ်မီဒီယာများက စက်တင်ဘာ ၅ရက်၌ ဖော်ပြသည်။

အဆိုပါရေနံသိုက်မှ ရေနံစည် ရှစ်သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရေနံအရည်အသွေးလည်း စံချိန်တင်ကောင်းမွန်ကြောင်း အီဂျစ်ရေနံလုပ်ငန်း ဝန်ကြီး ဆာမတ်ဖာမီက ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်လာမည်

ထိုရေနံသိုက်မှ ရေနံထုတ်ယူရန်အတွက် အီဂျစ်အာဏာပိုင်များက အမေရိကန်ဒေါ်လာ သန်း ၃၀ ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံ အထက်ပိုင်းဒေသတွင် ယခုကဲ့သို့ ရေနံထုတ်လုပ်နိုင်မှုကြောင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီဂျစ်နိုင်ငံ အထက်ပိုင်း ဒေသတွင် ရေနံတွင်း ၄၆ တွင်း တူးဖော်မှုများ ပြုလုပ်ရန် ရေနံကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်မည်ဖြစ်ပြီး ရေနံရှာဖွေမှုများလည်း ပြုလုပ်သွား မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေကြောင်းဆိုင်ရာ ကဏ္ဍသစ် နီပေါနှင့်စင်ကာပူ ပူးပေါင်းဆောင်ရွက်မည်

ခတ္တမန္ဒူ စက်တင်ဘာ ၉

နီပေါနှင့်စင်ကာပူနှစ်နိုင်ငံသည် လေကြောင်းဆိုင်ရာ ကဏ္ဍသစ်များ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် သဘော တူညီကြောင်း၊ လေကြောင်းလိုင်း ခရီးစဉ်သစ်များကို နှစ်နိုင်ငံ အကြား တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ၅ရက်က ထုတ်ဝေသော နီပေါသတင်းစာ တစ်စောင်၌ ဖော်ပြသည်။

ပျံသန်းမည်

ခတ္တမန္ဒူမြို့မှ စင်ကာပူနိုင်ငံသို့ တစ်ပတ်အတွင်း လေကြောင်းလိုင်း (၂၈)ကြိမ် ပျံသန်းမည်ဖြစ်ကြောင်းကို သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သာယာအေးလမ်းသွယ်(၃) ခြံအမှတ် ၂/၃၁နေ ဦးထွန်းအေး၏ (၈၃)နှစ်မြောက်မွေးနေ့အလှူ–ဇနီးဒေါ်လှမေ၊ သား ကိုစိုးအောင်–မယုယုစိမ်း (စင်ကာပူ)၊ သမီး မနုနုခင် (ထ–၂ မရမ်းကုန်း)တို့က အလှူငွေကျပ် ၁၀သိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းလွင်နှင့် ဦးအုန်းကြိုင်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၉–၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	မထူးဆန်းမှ ချမ်းသာရ ခန္ဓာပဋိစ္စသမုပ္ပါဒ်လည်ပုံ တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈:၀၀	မေတ္တာချောင်းကူးရုပ်မှ ဝဋ်ကြွေးတော်ပြေ သာသနာ့နယ်မြေ
၈:၂၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	လှေလာမှတ်သားစရာတိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ(အပ်စိုက်၊ ကျပ်ထုပ်၊ ပဉ္စကမ္မကုထုံး)
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၉:၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (Heart မဂ္ဂဇင်းအယ်ဒီတာ ဆရာမ သီတာစိုးနှင့်တွေ့ဆုံခြင်း)
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	ရေငွေ့သုံးဆန်အရောင်တင်စက်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သော ကျန်းမာရေး အမေးအဖြေများ)
၁၀:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅	ပေမူမှသည် ပုံနှိပ်မူသို့
၁၀:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	Basic Computer Learning for Beginner (Vol.21) (Microsoft Powerpoint)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ရဟန်းတော်နှင့်ပိဋကစာရိကကျင့်ဝတ်
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂:၃၅	Teens Star (J-Me နှင့် တွေ့ဆုံခြင်း)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှေ့ဖုံးမှ

အခမ်းအနားသို့ လှိုင်သာယာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာန နာယကဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးတို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ လှိုင်သာယာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သောင်ကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယက ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ ကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်၊ အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ Fame ဆေးဝါးထုတ်လုပ်ရေး၊ လှိုင်သာယာမြို့နယ် အမှတ် ၅၊ အမှတ် ၇၊ အမှတ် ၉၊ အမှတ် ၁၃၊ အမှတ် ၁၄၊ အမှတ် ၁၈၊ အမှတ် ၁၉ နှင့် အမှတ် ၂၀ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

မှတ်တမ်းလွှာပေး

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀ စီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၅၀၀၀၀၊ လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်၁၀သိန်း၊ ဦးအောင်ကျော်ထူး–ဒေါ်ခင်မာနိုင် (အမှတ် ၁၀ ရပ်ကွက်)နှင့် မြန်မာ Toward ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ငါးသိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဒါရိုက်တာ ဒေါ်ဝိုင်းဝိုင်းနွဲ့ (Golden Lion Wire Co., Ltd.)၊ ဦးသိန်းဟန် (တိုကျိုပိုက်စက်ရုံ)၊ ဦးကျော်အောင် (ဘင်ဟာစတီးစက်ရုံ)၊ ဦးဝင်းသိန်း–အေဝမ်း ဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)၊ လှိုင်သာယာမြို့နယ် ဆီလုပ်ငန်းရှင်များ၊ EVA Co., Ltd. (စက်မှုဇုန်–၃)နှင့် ဦးဇော်ဝင်း (စူပါကော်ဖီမစ်)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ ဦးအုန်းဆိုင်(ခေတ်သစ်ပွဲရုံ၊ စက်မှုဇုန်–၁)၊ ရွှေနဂါးမော်တော်ယာဉ်ထုတ်လုပ်ရေး၊ လှိုင်သာယာမြို့နယ် ပညာရေးမိသားစု၊ ဝင်းရတနာခရီးသွားလုပ်ငန်း၊ ဦးသိန်းဝင်း–ဒေါ်ဋ္ဌေးဋ္ဌေးညွန့် (BTB Co., Ltd.)၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၊ ဦးဇော်ဝိတ်၊ ဘက်စပို့တင်းနှင့် ဆန်းမြန်မာကုမ္ပဏီတို့က ငွေကျပ် နှစ်သိန်းစီ၊ စက်မှုဇုန် အပိုင်း၅ စီမံခန့်ခွဲရေးကော်မတီ၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းနှင့် လှိုင်သာယာမြို့နယ် ဗွီဒီယိုအခြေခံအဖွဲ့တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊သား ဦးရန်ရှင်းမိသားစု(United Winner International Co., Ltd.) က ငွေကျပ် ၁၁၀၀၀၀၊ လုမ္ဗိနီအထူးကုဆေးခန်း၊ ဦးခင်စိုး (အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်)၊ ဦးသက်လွင် (မိချောင်းပီနံအိတ်စက်ရုံ)၊ ဦးဇော်မျိုးကျော် (Teak Farm သစ်အချောထည်စက်ရုံ)၊ ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ မွေးမြူရေးနှင့် မွေးမြူရေး ထုပ်ပိုးပစ္စည်းထုတ်လုပ်ရေးဇုန်၊ သံလွင်ဧရာ မော်တော်ယာဉ် ထုတ်လုပ်ရေး၊ ရွှေတောင်ကုမ္ပဏီလီမိတက်၊ ချင်းစုမြန်မာကုမ္ပဏီလီမိတက်၊ ဦးစိန်မြင့် (ဥရောပ အာရှကော်မာရှယ်)၊ လှိုင်သာယာမြို့နယ် ဆန်ကုန်သည်များ၊ ဦးကျော်သန်း (သပြေရိပ်မိသားစု)၊ ဒို့ဗမာ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ပန်ဒါဆေးဆိုးပန်းရိုက်စက်ရုံ၊ ဦးမြင့်ဦး (ကဏန်းဆားရည်စိမ်လုပ်ငန်း)၊ ဦးစိုးစိုးသန်း (Ever Smile Co., Ltd.)၊ အောင်ကမ္ဘာပိုက်စက်ရုံ၊ ဦးဖေဝင်း (တော်ဝင်မြန်မာ အထည်ချုပ်စက်ရုံ)၊ ဦးညီညီလွင်–ဒေါ်ထားထား (ထူးစက်မှုလက်မှု မီးခံသေတ္တာလုပ်ငန်း၊ (ရွှေကြာပန်း GLG မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဒါရိုက်တာ ဦးအောင်ဋ္ဌေး (ရွှေဘုံသာအိမ်ရာ)၊ဝင်းမြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဟောင်သရောနဒီသစ်ဆိုင်၊ ဒေါ်လှလှ(လမ်းမတော်)၊ အမှတ် ၅၊ အမှတ် ၆၊ အမှတ် ၇၊ အမှတ် ၉၊ အမှတ် ၁၀၊ အမှတ် ၁၈၊ အမှတ် ၁၉နှင့် အမှတ်၂၀ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်တစ်သိန်းစီအပါအဝင် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၃၀၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

တရားနာယူ

ယင်းနောက် မဟာအောင်မြေ ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာ တရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်တို့သို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၆၅ အိတ် ၁၂ပြည်၊ ဆီ ၉၅၇ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၅၅၆ ပိဿာ၊ ဆေးမျိုးစုံ ၉၂၅ ဘူး၊ ပဲ ၃၁၁ ပိဿာ နှစ်ကျပ်သား၊ ဆပ်ပြာ ၉၆ တုံး၊ သွားတိုက်ဆားဘူး ၃၁၁ ဘူး၊ ငရုတ်သီးမှုန့် ၄၅၀ ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၃၃၀၇၀၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယက ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေလေ)မိသားစုက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ရေလေ)မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ စန္ဒီပရဆေးမိသားစု၊ မုန်ချိုဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး၊ သီရိမင်္ဂလာဈေး ဆွမ်းလောင်းအသင်း၊ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့၊ သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး၊ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စေတနာ သမ္မာရဝတ်အသင်း၊ ဗုဒ္ဓဝိဟာရဓမ္မာရုံ (ဈေးကလေး)၊ ရိပ်သာဓမ္မာရုံ(ဖားကရာ)၊ သရက်တော တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အောင်တမန်ဆေးတိုက်၊ စွယ်စုံဆေးတိုက်၊ ဆန္ဒမွှန်ဆေးဝါးလုပ်ငန်း၊ ပန်းတဉ်းတန်း အာရုံတော် ဝတ်အသင်း၊ ဖားကရာ အုန်း၊ ငှက်ပျော၊ ကြံကုန်စည်ဒိုင်၊ အိုးဘိုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဗဟိုစံပြငါးဈေးကြီး မိသားစု၊ မြို့နယ် ပညာရေးမိသားစု၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ ဂရိတ်ဝေါ ဒဏ်ကြေလိမ်းဆေး၊ ဦးအောင်မြင့် (လူပျံတော် ပတ္တမြားဆေးတိုက်)၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဘုတ်ဆုံမ ငရုတ်သီးမှုန့်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

လက်ခံရယူ

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၀၀၀၀ စီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ဋ္ဌေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်နီလာရွှေ (ကြာငါးခိုင်သင်္ကန်းတိုက်)၊ ဦးထွန်းဝင်း (ဦးအာဝါး)မိသားစု (စံပြရွှေငါးကုမ္ပဏီနှင့် အာလာဒင်ဂိမ်းစင်တာတို့က ငွေကျပ် သုံးသိန်းစီ၊ စံပြငါးဈေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ငွေကျပ် ၂၅၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ စုပေါင်းလှူဒါန်းငွေကျပ် ၂၄၄၀၀၀၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ ကြက်ဆူစိုက်ပျိုးရေး)က ငွေကျပ် ၂၀၆၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ)၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိနုဂ္ဂဟ ဆန်လှူအသင်းကြီးနှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးတင်အောင်–ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)၊ ဦးသိုင်းဝင်း–ဒေါ်ဋ္ဌေးဋ္ဌေးညွန့် (ဘီတီဘီကုမ္ပဏီ)၊ ဦးစိုးသိန်း–ဒေါ်စန်းစန်းရီ(ဗဟိုစံပြ ငါးဈေးကြီး)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြို့နယ် ဆန်ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များနှင့် ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့)၊ ဦးခင်မောင်ပြုံး (Hotel Glory)မိသားစုနှင့် သမားတော်ကြီး ဦးလှဋ္ဌေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး(မုန်ချိုဆေးတိုက်)တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ သီတဂူ ဒေါက်တာစိုးမြင့်–ဒေါ်နုနုအေးမိသားစု (မြိုင်အထူးကုဆေးခန်း)က ငွေကျပ် ၁၀၈၀၀၀၊ ဦးနှင်းစိန်–ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်)၊ MMG Jetty၊ သီရိမင်္ဂလာဈေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ မြို့နယ် ဆီကိုယ်စားလှယ်နှင့် ဆီကုန်သည်များ၊ မြို့နယ် တည်းခိုခန်းလုပ်ငန်းရှင်များ၊ မြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန် ရေယာဉ်ဂိတ်များ၊ သီရိမင်္ဂလာဈေး ဆွမ်းလောင်းအသင်း၊ မြို့နယ်အတွင်းမှ စားသောက်ဆိုင်များ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း မိသားစု (United Winner International Co., Ltd.)၊ ဒေါ်လှလှ (လမ်းမတော်) နှင့် အဂ္ဂမဟာ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသင်္ကန်းတိုက်)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ငွေကျပ် ၅၈၆၅၀၀၀ ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော် အရာရှိကြီးများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၄၂ အိတ် ငါးပြည်၊ ဆီ ၂၈၈ ပိဿာ ၄၀ ကျပ်သား၊ ပဲ ၁၀၂ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၄၈၃ ပိဿာ၊ သွားတိုက်ဆားဘူး ၉၆ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၂၇၄ ဘူး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်ထုပ် ၄၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၅၈၆၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

မိဘများအားရည်စူး၍ အမှတ် ၅၃ ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်နေ ဦးစိုင်းဆမ်တစ်–ဒေါ်နန်းခမ်းလျှန်၊ သမီး နန်းမာဏီးလား၊ သား စိုင်းဆွမ်ဖုန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က–ပ)

နိုင်ငံတော်အစိုးရက ဦးစီးကျင်းပခဲ့သည့် အမျိုးသားညီလာခံကသာ စစ်မှန်သောဒီမိုကရေစီစနစ်ထွန်းကားရေးအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည် တိုက်ကြီး၊ကြည့်မြင်တိုင်နှင့်ကော့မှူးမြို့နယ်တို့မှ ပါတီဝင် ၄၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကိုမောင်ဝင်းသည် ဩဂုတ် ၃၁ ရက်တွင် လည်းကောင်း၊ ဦးအောင်ဆန်းဝင်း၊ ဒေါ်နှင်းဆီနှင့် ဒေါ်ရွှေတင်တို့သည် စက်တင်ဘာ ၁ ရက်တွင် လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဒေါ်သိန်းမြနှင့် မစန်းအေးတို့သည် စက်တင်ဘာ ၅ ရက်တွင် လည်းကောင်း၊ ကော့မှူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမင်းနိုင်၊ ဦးကိုနိုင်၊ ဦးစိန်မင်း၊ ဦးသန်းလှ၊ ဦးတင်ဝင်း၊ ဦးကျော်ဦး၊ ဦးဘိုးအေး၊ ဦးမောင်အိ၊ ဦးကြည်ထွေးနှင့် ဒေါ်သိန်းမြင့်တို့ အပါအဝင် ပါတီဝင် ၃၆ ဦးတို့သည် စက်တင်ဘာ ၆ ရက်တွင် လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

များစွာစိတ်ပျက်လာ

တိုက်ကြီးမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ကော့မှူးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီကို စတင်ဝင်ရောက်ခဲ့စဉ်က ပါတီအနေဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိခဲ့ကြောင်း၊ သို့ရာတွင် ပြည်ပအကူအညီကို မျှော်ကိုးကာ တစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ကြိုးပမ်းနေသည်ကို တွေ့ရသဖြင့် များစွာ စိတ်ပျက်လာကြောင်း၊ နိုင်ငံတော်အစိုးရက ဦးစီးကျင်းပ ဆောင်ရွက်ခဲ့သည့် အမျိုးသားညီလာခံကသာ စစ်မှန်သော ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ NLD ပါတီ၏ လုပ်ရပ်များကို မလိုလားတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်းတို့က မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်အမြန်ရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများသည် မော်လမြိုင်ဘူတာမှ ရေးမြို့သို့ စတင်ထွက်ခွာရန် အသင့်စောင့်ဆိုင်းနေသော မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန် အမြန်ရထားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မှ ရေးသို့ စတင်ပြေးဆွဲထွက်ခွာမည့် လွန်းပြန်ရထားပေါ်၌ လိုက်ပါစီးနင်းသွားသော ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်ရထားသည် မော်လမြိုင်ဘူတာမှ စတင်ထွက်ခွာရာ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လိုက်ပါစီးနင်းသွားသော ခရီးသည်များအား လက်များဝှေ့ယမ်းနှုတ်ဆက်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့စတင်ပြေးဆွဲသော မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန်အမြန်ရထားလမ်းမှာ မိုင် ၉၀ ရှိပြီး ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ အဆင်ပြေချောမွေ့စေရေးအတွက် အမှတ်၁၇၃အဆန် မော်လမြိုင်မှ ရေး လွန်းပြန်အမြန်ရထားကို မော်လမြိုင် ဘူတာမှ နေ့စဉ်နံနက် ၅ နာရီတွင် စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီခွဲတွင် ရေးမြို့သို့ ဆိုက်ရောက်မည်ဖြစ်ကာ အမှတ် ၁၇၄ အစုန်အဖြစ် ရေးမှ မော်လမြိုင် လွန်းပြန် အမြန်ရထားသည် ရေးဘူတာမှ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ည ၆ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ရိုးရိုးတန်းတွင် ထိုင်ခရီးသည်နှင့် ရပ်ခရီးသည် ၇၆ဦး တင်ဆောင်နိုင်၍ ပထမတန်းတစ်တွဲတွင် ထိုင်ခရီးသည်နှင့် ရပ်ခရီးသည် ၁၀၀ လိုက်ပါစီးနင်းနိုင်ပြီး ရထားတစ်စင်းလုံးတွင် ခရီးသည် စုစုပေါင်း ၂၇၆ဦး တင်ဆောင်နိုင်၍ လက်မှတ်ခနှုန်းထားများမှာ ရိုးရိုးတန်းငွေကျပ်၃၇၀၊ ပထမတန်းငွေကျပ်၄၆၀ ဖြစ်သည်။ မော်လမြိုင်-ရေး-မော်လမြိုင် လွန်းပြန် အမြန်ရထားသည် လမ်းတစ်လျှောက် သရက်ကုန်း၊ မိန်ဂဒိမ်း၊ မုဒုံ၊ ကမာဝက်၊ သံဖြူဇရပ်၊ ပင၊ ကရုပ္ပိ၊ ထင်းရှူး၊ အနင်း၊ နှစ်ကရင်၊ လမိုင်း၊ တောင်ဘုံ၊ ပလိုင်းကီး ဘူတာတွင် ခေတ္တရပ်တန့်ပေးမည်ဟု သိရသည်။

လွယ်ကူချောမွေ့သွားလာနိုင်

အဆိုပါ မော်လမြိုင်-ရေး လွန်းပြန် အမြန်ရထားပြေးဆွဲသည့် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုအခါ ရေးမြို့မှ ထားဝယ်-မော်လမြိုင်-ရန်ကုန်-နေပြည်တော် စသည့် ရထားလမ်းဆက်စပ်ရာ ဒေသများသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြမည့်အပြင် ကုန်စည်များလည်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ရာ စရိတ်စကသက်သာပြီး အချိန်တိုအတွင်း ခရီးသည်နှင့် ကုန်စည်များကို များများသယ်ယူနိုင်မည် ဖြစ်သည့်အတွက် ဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ **(သတင်းစဉ်)**

သား၊ ငါးကဏ္ဍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ
ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေး

ရန်ကုန် စက်တင်ဘာ ၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ သား၊ငါးကဏ္ဍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် (အပေါ်ပုံ) **ငါး၊ ပုစွန် အအေးခန်းစက်ရုံများ၌ အခြေခံလစာတိုးမြှင့်ပေးခြင်း၊ အချိန်ပိုလုပ်ခများ တိုးမြှင့်ပေးခြင်းနှင့် အလုပ်သမား ကြိုပို့ယာဉ်များ ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် သား၊ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံလိုအပ်ချက်ရှိပါက လုပ်ငန်းရှင်များသည် မိမိ၏ မိသားစုဝင်များကဲ့သို့ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် အသေးစိတ် ဆွေးနွေးမှာကြားသည်။**

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ် ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးရှဉ့်၊ ကဏန်း၊ အလှမွေးငါးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင် လုပ်ငန်းရှင်ကုမ္ပဏီအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာအလိုက် ဆောင်ရွက်မှုအခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းပေါင်းစပ်

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLDဌာနချုပ်သို့ အမေရိကန်သံရုံးက အမြဲမပြတ် ဝင်ထွက်ဆက်သွယ်၍ ညွှန်ကြားဆောင်ရွက်လျက်ရှိ
NLDသည် ယင်းညွှန်ကြားချက်များအတိုင်း နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးအောင် နာခံလိုက်နာလုပ်ဆောင်
ဩဂုတ်လအတွင်း အမေရိကန်သံရုံးက ၁၈ ကြိမ် ဝင်ထွက်မှုရှိခဲ့

ရန်ကုန် စက်တင်ဘာ ၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ရမည့်အစား နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် ပြည်ပနိုင်ငံများ (အထူးသဖြင့်) အနောက်တိုင်းနိုင်ငံကြီးများကို မှီခိုအားထားလျက်ရှိကြောင်း ယင်းပါတီ၏ လုပ်ရပ်များက သက်သေပြလျက်ရှိသည်။

မပြတ်ကြည့်ရှုသတိပြု

NLD ဗဟိုအနေဖြင့် အမေရိကန်သံရုံးနှင့် အမြဲမပြတ်ဆက်သွယ်၍ ထိုသံရုံးမှတစ်ဆင့် ညွှန်ကြားချက်များရယူကာ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာ ပျက်စီးကြောင်း နာခံလိုက်နာလုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်လျက် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများကို မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ဝင်ထွက်မှုရှိခဲ့

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLDဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက ဧပြီလအတွင်း ၁၁ ကြိမ်၊ မေလအတွင်း ၂၁ ကြိမ်၊ ဇွန်လအတွင်း ၁၈ကြိမ်၊ ဇူလိုင်လအတွင်း ၁၁ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ ယခုဩဂုတ်လအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့ အမေရိကန်သံရုံးက ၁၈ကြိမ် လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘာရမ်နှင့်ဆီလ်ဒဟာကျေးရွာများတွင် စက်တင်ဘာ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ ၁၄ ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ လေ့လာ သုတေသနပြုနေသော အောပို့ကျူနီတီအမည်ရှိ အင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်သည် လာမည့် စက်တင်ဘာ ၁၁ ရက်၌ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ဗစ်တိုးရီးယားဟုအမည်ပေးထားသော ချိုင့်ကျင်းကြီးအတွင်း ဆင်းသက် လေ့လာမှုပြုမည်ဖြစ်ကြောင်း နာဆာအဖွဲ့မှသတင်းထုတ်ပြန်သည်။ **(ယာပုံ)**



❒ **နီပေါနိုင်ငံတောင်ပိုင်း ဒန်ကူတာခရိုင်အတွင်းရှိ ဒါဆာမြစ်အတွင်း စက်တင်ဘာ ၉ ရက်က ဖြတ်သန်းမောင်းနှင်သော မီနီဘတ်စ်ကားတစ်စီး ရုတ်တရက် တောင်ကျရေများ ဒလဟောစီးဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် ငါးဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ နယူးအာရှဟု အမည်ပေးထားသော တရုတ်နိုင်ငံ ပထမဆုံးကွန်တိန်နာတင်သင်္ဘောကြီး စက်တင်ဘာ ၈ ရက်က စတင်ရေချလိုက်သည်။ အဆိုပါကွန်တိန်နာတင် သင်္ဘောကြီးသည် အရှည် ၃၃၅မီတာနှင့် အကျယ်၄၂ဒသမ ၈ မီတာရှိကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

❒ **ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း တာနုဒန်မြို့အနီးတွင် စက်တင်ဘာ ၈ ရက်က ခြောက်ဘီးတပ်ထရပ်ကားတစ်စီး အရှိန်လွန်ပြီး မီတာ ၁၀၀ ကျော်နက်သော လျှိုမြောင်အတွင်း ထိုးကျသွားရာ ကိုးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ နယူးဇီလန်နိုင်ငံ အနောက်ပိုင်း ပိုကော့တ်ခရိုင် စီဂေါမြို့တွင် စက်တင်ဘာ ၈ ရက်က မိုးသည်းထန်ပြီး မြေပြိုမှုများဖြစ်ပွားရာ ၁၄ ဦးသေဆုံးသွားကြောင်း နယူးဇီလန်မီဒီယာများက ဖော်ပြသည်။

❒ **အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်သို့ စက်တင်ဘာ ၉ ရက်က တစ်နာရီလျှင် ၈၅ ကီလိုမီတာနှုန်းဖြင့် မုန်တိုင်းဝင်ရောက်တိုက်ခတ်သွားရာ နေအိမ်နှင့် စီးပွားရေးလုပ်ငန်းအဆောက်အအုံများ ပျက်စီးသွားခဲ့ကြောင်း၊ လူများထိခိုက်ဒဏ်ရာ ရရှိမှုများလည်းရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❖ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီရာဂါဂျေခရိုင်တွင် စက်တင်ဘာ ၈ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူ တစ်သိန်းခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

(အင်တာနက်)

အစ္စရေးနိုင်ငံ အာရာဗာဒေသ စိုက်ပျိုးရေးလုပ်ငန်း လက်တွေ့ဆောင်ရွက်ခဲ့သော အတွေ့အကြုံများ မိမိနိုင်ငံရေမြေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အစ္စရေးနိုင်ငံ၌ ၁၀လကြာ လုပ်ငန်းခွင်လက်တွေ့သင်တန်း တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည့် သင်တန်းသား ၅၀အား စက်တင်ဘာ၄ရက် ညနေ၃နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

မှာကြား

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးက နိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေရရှိရေး၊ မျိုးပြောင်းလဲ စိုက်ပျိုးရေး၊ သင့်လျော်သည့် စိုက်နည်းစနစ်အသုံးပြုရေးတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံ အာရာဗာဒေသရှိ စိုက်ပျိုးရေး လုပ်ငန်းများတွင် စိုက်ပျိုးရေး လက်တွေ့ဆောင်ရွက်ခဲ့ကြသော အတွေ့အကြုံများကို မိမိတို့နိုင်ငံ ရေ၊ မြေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပြီး မိမိတာဝန်ယူရသည့်ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်အောင် ပြုလုပ်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သင်တန်းသားများက မြန်မာနိုင်ငံ၏ ကြွယ်ဝသော သဘာဝအရင်းအမြစ်များကို အသုံးချ၍ လေ့လာ တတ်ကျွမ်းခဲ့သော စိုက်ပျိုးရေးပညာဖြင့် မိမိပတ်ဝန်းကျင်နှင့်ဒေသ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းခွင် အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

တက်ရောက်ခဲ့

အဆိုပါ သင်တန်းသို့ စိုက်ပျိုးရေးပညာဘွဲ့ရ ဌာနတွင်းဝန်ထမ်းများနှင့် စိုက်ပျိုးရေးသိပ္ပံတို့မှ သင်တန်းဆင်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်း ရှိတည်ဆောက်ဆဲ ရွှေရတု စိန်တိုး ကျောင်း ဆောင် တော်ကြီးအတွက် လမ်း မ တော် မြို့နယ် ၁၄လမ်း ၃၇ နေ ဦးလှ သောင်း (ဗဟို ဥပဒေရုံး) အား ရည်စူး၍ ဇနီး ဒေါ်ရီရီသောင်း၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

စဉ်ဆက်မပြတ် သူနာပြုပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

Mo Asia Co.,Ltd.-Dumex နှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့ ပူးပေါင်းကျင်းပသော စဉ်ဆက်မပြတ် သူနာပြုပညာပေးဟောပြောပွဲ (Building Better People Seminar)ကို ယမန်နေ့ နံနက် ၉နာရီက သူနာပြုတက္ကသိုလ်(ရန်ကုန်)အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ညို**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး Mo Asia Co.,Ltd.-Dumexက လှူဒါန်းသော အလှူငွေကျပ် နှစ်သိန်းအား လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ်ကြီး ဒေါ်ရီဌေးက Nutritional Support for HIV/AIDS Mothers and Affected Children ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) မိခင်နှင့်ကလေးကျန်းမာရေး သူနာပြုစုမှုပညာဌာနမှ လက်ထောက်ကထိကဒေါ်ခေါ်နန်းက Nutritional Support for Children Under Five ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Mo Asia Co.,Ltd.-Dumex မှ Senior Nutrition Advisorဒေါက်တာဒေါ်ဖြူသင်းရွှေက Roles of Oligossaccharides in Breast Milk for Immunity ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။ **(သတင်းစဉ်)**

သန်လျင် အထက(၁) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယမန်နေ့နံနက် ၉နာရီက အဆိုပါကျောင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကများဖြစ်ကြသော ဦးတင်ဝင်း၊ ဒေါက်တာဦးဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိကြသော မနီနီခင်ဇော်၊ မယဉ်မင်းထက်၊ မကေသွယ်မြင့်နှင့် မောင်ရဲဇော်ထွန်း၊ လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇ဦးနှင့် တန်းခွဲအလိုက် တံခွန်စိုက်ဆု၊ တန်းစဉ်အလိုက် ပညာရည်ထူးချွန်ဆု ရရှိကြသူများ၊ ခွင့်ရက်မပျက် ဆရာဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၅၅၃ ထူပါရုံ ၂၃လမ်းအနောက် (၂)မြောက်ရပ်ကွက် သာကေတနေ ဦးကျော်လှိုင်–ဒေါ်စန်းမြင့်၊ သား မောင်မောင်ထွေး မိသားစုက ငွေကျပ်နှစ်သိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)

ပေါင်မြို့နယ်တွင် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်

မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှ ပြည်နယ်ငှက်ဖျား ဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့် ဦးဆောင်သော အဖွဲ့နှင့် ပေါင်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ ပေါင်မြို့နယ် ထန်းပင်ချောင်ကြီး ကျေးရွာတွင် ဩဂုတ် ၁၇ ရက်က ကွင်းဆင်း၍ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဖြစ်သော ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ လူထုလှုပ်ရှားမှုအသွင် ခြင်လောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊စစ်)၊ရေစည်၊ရေကန်များ ပိုးလောက်လမ်းသတ် ဆေးခတ်ခြင်းနှင့် လူနာအိမ်ပတ်ဝန်းကျင် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆင့်ပွားသင်တန်းဖွင့်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဦးအောင်ထူးဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးမြင့်အောင်တို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆွေးနွေးချက်များကိုပို့ချပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က အသိပညာပေးလက်ကမ်းစာစောင်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်

ရွှေဘိုခရိုင်အဆင့် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၈ရက် နံနက် ၉နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစန်းဝင်း၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်၊ အတွင်းရေးမှူး ဦးတင်မြင့်၊ အဖွဲ့ဝင်(၁) ဦးမြင့်လွင်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေဘိုခရိုင် ရှစ်မြို့နယ်မှ အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်အဖွဲ့များ အင်အား၂၅၀ကျော် တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ဖလမ်း၌ အမျိုးသမီးအိမ်တွင်းမှု သင်တန်းဖွင့်ပွဲများ ကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ချင်းပြည်နယ် ဖလမ်းမြို့နယ် အမျိုးသမီးအိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် ၆/၂၀၀၇၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် ၁၂/၂၀၀၇၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် ၁၀/၂၀၀၇၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းအမှတ်စဉ် ၁၀/၂၀၀၇၊ လက်ရက်ကန်း သင်တန်းအမှတ်စဉ် ၁၀/၂၀၀၇၊ ကြိမ်/ဝါး သင်တန်းအမှတ်စဉ် ၂/၂၀၀၇ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက်၉နာရီက ဖလမ်းမြို့ အဆိုပါ သင်တန်းခန်းမ၌ ကျင်းပရာ ဖလမ်းခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသူ ၃၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နတ်တလင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင်နတ်တလင်းမြို့နယ် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၂၇ရက် နံနက်ပိုင်းက ရွာမရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးတင်အောင်က ကြီးကြပ်ဆောင်ရွက်၍ မြို့နယ်ဦးစီးဌာနမှူး ဦးညီညီက ရွာမရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်ခဲ့သည်။

ယင်းလုပ်ငန်းကို နတ်တလင်းမြို့နယ်အတွင်း ဩဂုတ် ၁ရက်မှ ၂၇ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၂၁၉၉ခု ပြုလုပ်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူလူထုအများစုမှာ တည်ငြိမ်မှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှုကိုလိုလား ၁၉၈၈ခုနှစ်ကကဲ့သို့ ဆူပူအကြမ်းဖက်မှုမျိုး ပေါ်ပေါက်မည်ကို မလိုလားသဖြင့် ပါဝင်ခဲ့ခြင်းမရှိ

● **ကျောဖုံးမှ**

ပြည်သူများသက်သာချောင်ချိရေး

ဈေးကွက်စီးပွားစနစ်သို့ ပြောင်းလဲရာတွင် ဈေးကွက်စီးပွားရေးသဘောတရားများအရ အမြတ်အစွန်းကို ရှေးရှုရမည် ဖြစ်သော်လည်း ပြည်သူများ သက်သာချောင်ချိစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအသီးသီး၌ အဘက်ဘက်က အရှုံးခံပြီး နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးအမြောက်အမြား စိုက်ထုတ်ကျခံ သုံးစွဲပေးခဲ့ပါသည်။ စက်သုံးဆီကဏ္ဍနှင့်ပတ်သက်၍လည်း ပြည်တွင်းသုံးစွဲရန် စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းပြီး ပြည်သူအများ သက်သာချောင်ချိစွာ ဝယ်ယူသုံးစွဲနိုင်စေရေးအတွက် အပြုသဘော စေတနာအရင်းခံဖြင့် နိုင်ငံတော်က စိုက်ထုတ်အရှုံးခံ၍ ဖြန့်ဖြူးရောင်းချလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

သို့သော် ယနေ့အချိန်အခါတွင် ကမ္ဘာနှင့်အဝန်း လောင်စာဆီဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာရာမှ လက်ရှိဈေးနှုန်း အဆမတန်မြင့်မားလျက်ရှိပြီး လောင်စာဆီဈေးနှုန်းကြီးမြင့်မှုသည် ကမ္ဘာ့ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ ထို့ကြောင့် အခြားနိုင်ငံအသီးသီး၌လည်း လောင်စာဆီကို နိုင်ငံတကာပေါက်ဈေးနှင့်အညီ ပြည်တွင်းဈေးနှုန်းများ မြှင့်တင်ရောင်းချလျက်ရှိကြပါသည်။ ဤသို့သော အခြေအနေမျိုးတွင် စက်သုံးဆီကို ပြည်ပမှဝယ်ယူတင်သွင်းပြီး ပြည်တွင်း၌ အရှုံးခံဖြန့်ဖြူးပေးနေရသော မြန်မာနိုင်ငံအနေဖြင့် စက်သုံးဆီအတွက် စိုက်ထုတ်အရှုံးခံသုံးစွဲနေရသည့် ဘဏ္ဍာငွေပမာဏ တစ်စတစ်စ ပိုမိုများပြားလာခဲ့ပါသည်။ တစ်ဖက်တွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်သူ့ဘဏ္ဍာမှ စိုက်ထုတ်ကျခံ သုံးစွဲရမှုများမှာလည်း လွန်စွာပမာဏ ကြီးမားလာပါသည်။

သင့်တင့်မျှတသော အတိုင်းအတာ

ထို့ကြောင့် **နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု အနည်းငယ် သက်သာစေရန်နှင့် တစ်ဖက်မှလည်း ပြည်သူအများအနေဖြင့် တိုးမြှင့်လိုက်သည့် စက်သုံးဆီဈေးနှုန်းကြောင့် ထိခိုက်နစ်နာမှု သက်သာစေရန်အတွက် နှစ်ဖက်မျှတချိန်ဆ၍ စက်သုံးဆီဈေးနှုန်းကို သင့်တင့်မျှတသော အတိုင်းအတာတစ်ခုအထိ မြှင့်တင်ခဲ့ရပါသည်။ သို့သော် ယနေ့မြှင့်တင်ပြီး ဈေးနှုန်းသည်ပင် အိမ်နီးချင်းနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံအသီးသီးရှိ ဈေးနှုန်းများထက် ထက်ဝက်ခန့် သက်သာနေသေးသည်ကို တွေ့ရှိရပါသည်။ ယခုကဲ့သို့ စက်သုံးဆီဈေးနှုန်းတိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် နိုင်ငံတော်အနေဖြင့် အမြတ်အစွန်းရရန် မဟုတ်ဘဲ အရှုံးခံ စိုက်ထုတ်သုံးစွဲနေရမှု အနည်းငယ်သက်သာသွားစေရန်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။**

သို့သော် တည်ဆဲအစိုးရဆန့်ကျင်ရေးကို တစိုက်မတ်မတ်ရပ်တည်ဆောင်ရွက်လာခဲ့သော NLD ပါတီသည် ယခုကဲ့သို့ နိုင်ငံတော်က စက်သုံးဆီဈေးနှုန်းများ အထိုက်အလျောက် မြှင့်တင်မှုကို ခုတုံးလုပ်အသုံးချပြီး နိုင်ငံရေးတိုက်ကွက်ဖော်ရန် ဦးတည်ကြိုးပမ်းလာခဲ့ပါသည်။ **စက်သုံးဆီဈေးနှုန်း မြှင့်တင်မှုကြောင့် နိုင်ငံနှင့်အဝန်း အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာသည်ဟု အကြောင်းပြစွပ်စွဲ၍ ပြည်သူများအတွင်း ဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် နည်းလမ်းမျိုးစုံသုံးကာ လှုံ့ဆော် ဖန်တီးလျက်ရှိပါသည်။ ဤကဲ့သို့ဖန်တီးလာခြင်းသည် NLD အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တညီတညွတ်တည်း လက်တွဲကြိုးပမ်းချီတက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ပျက်ပြားသွားစေရန်နှင့် ၎င်းတို့ လိုချင်သည့် နိုင်ငံရေးလမ်းကြောင်း ပေါ်ပေါက်လာစေရန် လုပ်ကြံဖန်တီးခြင်းပင်ဖြစ်ပါသည်။**

အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာ

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ ၁၉၉၃ခုနှစ်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ NLDပါဝင် တက်ရောက်နေရာမှ ၁၉၉၅ခုနှစ်တွင် ဒေါ်စုကြည် တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သည်။ NLD ထွက်ခွာသွားခဲ့သည့်အတွက် အမျိုးသားညီလာခံကို ၁၉၉၆ခုနှစ်တွင် ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရသည်။ ၂၀၀၄ခုနှစ် အမျိုးသားညီလာခံ ပြန်လည်ကျင်းပချိန်တွင် နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖြင့် NLD ကို ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သော်လည်း NLD က တစ်ဖက်သတ် ငြင်းဆန်ခဲ့သည်။ ထိုအချိန်မှစ၍ NLD သည် အမျိုးသားနိုင်ငံရေးလမ်းကြောင်း၏ အပြင်သို့ ရောက်ရှိသွားခဲ့ပြီး အမျိုးသားညီလာခံပျက်ပြားရေးကိုသာ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် **NLD သည် (၁) နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေး၊ (၂) တွေ့ဆုံဆွေးနွေးမှုများ၌ ဒေါ်စုကြည် ပါဝင်ခွင့်ပြုရေး၊ (၃) ၁၉၉၀ ရွေးကောက်ပွဲရလဒ်အရ လွှတ်တော်ခေါ်ပြီး ဆွေးနွေးတိုင်ပင်အဖြေရှာရေးဟူသော တောင်းဆိုချက်သုံးရပ်ကို ကိုင်စွဲကြွေးကြော်ပြီး ပါတီအတွက် နိုင်ငံရေးနေရာတစ်နေရာ ပြန်လည်ရရှိလာအောင် ဖန်တီးလျက်ရှိပါသည်။**

ဖိအားပေးအရေးယူမှုများပြုလုပ်ရန်

NLD သည် ၎င်းတို့၏ တောင်းဆိုချက်သုံးရပ်ကို အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တွင် ပြန်လည်ပါဝင်ခွင့်ရရှိရန်အလို့ငှာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ၊ သံရုံးများသို့ စာရေးသားပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးအရေးယူမှုများပြုလုပ်ရန် တောင်းဆိုမှုများလည်း ပြုလုပ်ခဲ့ပါသည်။ တစ်ချိန်တည်း၌ပင် ပြည်တွင်းတွင်လည်း နိုင်ငံတော်အစိုးရကို ဖိအားပေးနိုင်ရန်အတွက် ၁၉၈၈ခုနှစ်ကဲ့သို့ ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများ ပေါ်ပေါက်စေရန် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ အဖွဲ့များ၊ ပြည်ပြေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လာခဲ့ပါသည်။

NLD သည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ပြီး ပြည်သူများအနေဖြင့် စားဝတ်နေရေး ကျပ်တည်းမှုများကို လွတ်လပ်စွာ တင်ပြခွင့်ရှိကြောင်း တိုက်တွန်းခဲ့သည်ကို တွေ့ရသည်။ ထို့နောက် NLD သည် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့နှင့် ကျန်ဆန့်ကျင်ဘက်အဖွဲ့များက ပြုလုပ်သည့် လူစုလူဝေးဖြင့် ဆူပူဆန္ဒပြရန်ကြိုးစားမှုများတွင် ပါတီဝင်လူငယ်များ၊ NLD ထုတ်ပယ်ခံများကိုပါဝင်ဆောင်ရွက်စေခဲ့သည်ကို တွေ့ရပါသည်။ ၂၀၀၇ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့တွင် NLDက စီးပွားရေးအကျပ်အတည်းများကြောင့် ပြည်သူလူထု၏ အခြေအနေမှာ ပေါက်ကွဲလုဆဲဆဲ ဖြစ်နေကြောင်း၊ စက်သုံးဆီဈေးနှုန်းများ တိုးမြှင့်ခြင်းကြောင့် တိုင်းပြည်တွင် မငြိမ်မသက်မှုများ ပေါ်ပေါက်လာခဲ့လျှင် အာဏာပိုင်များတွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်မှာ NLD နှင့် အခြားဆန့်ကျင်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပြီး မြေပေါ်၊ မြေအောက်လှုပ်ရှားမှုများပေါင်းစပ်ကာ ဆူပူအကြမ်းဖက်မှုများပြုလုပ်မည့် စီမံချက်များနှင့် ဟန်ချက်ညီ အချိန်ကိုက်ထုတ်ပြန်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆူပူဆန္ဒပြမှုများပြုလုပ်ခဲ့

NLDမှ ထိုကဲ့သို့ ကြေညာချက်အမျိုးမျိုးထုတ်ပြန်လျက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့များနှင့် NLD ပါတီဝင်များပူးပေါင်း၍ ဆူပူဆန္ဒပြမှုများကို ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် NLD နှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံ အဖွဲ့များသည် ဆန္ဒပြမည့်နေရာအနီးတွင် ၎င်းတို့၏ အမာခံများကို ကြိုတင်စေလွှတ်ထားပြီး ပြည်သူလူထုက ပါဝင်သည့်ပုံစံဖြင့် လာရောက်ပူးပေါင်းခြင်း၊ အလံရှူးများအသုံးပြု၍ ပတ်ဝန်းကျင်ရှိ ပြည်သူများကို ဆွဲဆောင်စည်းရုံးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ အလားတူပင် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ အတွင်းသို့ သံဃာအတုအယောင်များ၊ ကျောင်းသားအယောင်ဆောင်များ၊ အလုပ်သမားအယောင်ဆောင်များဖြင့် ဝင်ရောက်စည်းရုံးပြီး ဆန္ဒပြရန် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ရပ်ဝေးဒေသမှ အလုပ်လက်မဲ့များကို ငွေကြေးဖြင့် ငှားရမ်းခေါ်ယူလာပြီး ဆန္ဒပြမှုများတွင် ပါဝင်ဆောင်ရွက်စေခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

သို့သော် **ပြည်သူလူထုအများစုမှာ တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကိုသာ လိုလားပြီး ၁၉၈၈ခုနှစ်ကကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်မည်ကို မလိုလားသောကြောင့် ၎င်းတို့၏ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပူးပေါင်းမှုမရှိခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် တည်ငြိမ်မှု၊ အေးချမ်းမှုကို လိုလားသည့် ပြည်သူများကပင် မိမိတို့နေထိုင်ရာရပ်ကွက်၊ မြို့နယ်များအတွင်း၌ ဆူပူမှုများပေါ်ပေါက်အောင် လှုံ့ဆော်သူများအား တားဆီးခဲ့သည်ကိုပင် တွေ့ရှိရပါသည်။**

NLD သည် ထိုကဲ့သို့ ဆူပူဆန္ဒပြမှုများပေါ်ပေါက်စေရန် ကြိုးပမ်းခဲ့သည့်နည်းတူ တစ်ဖက်ကလည်း အနောက်နိုင်ငံ သံရုံးများနှင့် ပူးပေါင်းပြီး ဆန္ဒပြမှုများတွင် ပြည်သူအများအပြား ပါဝင်နေသည်ဟုလည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို အကြမ်းဖက်နှိမ်နင်းနေသည်ဟုလည်းကောင်း နိုင်ငံတကာမှ ထင်မြင်လာစေရန်အတွက် လုပ်ကြံသတင်းထုတ်လွှင့်ခြင်း၊ ကြေညာချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်လာခဲ့ပါသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် NLD ကြေညာချက်တွင် ပြည်သူလူထုအနေဖြင့် မိမိတို့၏ဆန္ဒများကို ထုတ်ဖော်ပြသခြင်းသည် လူငါးဦးထက်ပိုမိုပြီး စုဝေးခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်းများကို တားမြစ်ထားသည့် အမိန့်အမှတ် ၂/၈၈နှင့် လုံးဝငြိစွန်းခြင်းမရှိကြောင်း၊ NLD အဖွဲ့ဝင်များနှင့် အများပြည်သူသိရှိနိုင်ရန် ကြေညာလိုက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဤကြေညာချက်သည် တည်ဆဲဥပဒေများကို ချိုးဖောက်ပြီး အကြမ်းဖက်ဆူပူမှုများဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင်နေသည့် NLD ပါတီဝင်များကို အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ပြောင်ပြောင်တင်းတင်း တိုက်တွန်းလှုံ့ဆော် သွေးထိုးခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။

ထိုကြေညာချက် ထုတ်ပြန်မှုနှင့်အတူ စက်တင်ဘာလ ၅ ရက်နေ့တွင်ပင် NLDဥက္ကဋ္ဌ ဦးအောင်ရွှေက သံရုံးတစ်ခုသို့ ပြည်သူများအနေဖြင့် မခံမရပ်နိုင်ဖြစ်နေခြင်းကြောင့် နေ့စဉ်ဆန္ဒပြနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို လိုလားလျှင် အစိုးရနှင့် NLD အကြား တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်လာအောင် အကူအညီပေးစေလိုကြောင်း စာရေးသားပေးပို့ခဲ့သည်ကို သိရှိရပါသည်။

စီတန်းလမ်းလျှောက်မှုများပြုလုပ်

ထိုကဲ့သို့ NLD ဌာနချုပ်မှ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရန်အတွက် လှုံ့ဆော်ခဲ့မှုကြောင့် ပခုက္ကူမြို့နယ် NLD အဖွဲ့ဝင်များသည် စက်တင်ဘာလ ၅ ရက်နေ့တွင် သံဃာတော်များအတွင်း စီတန်းလမ်းလျှောက်မှုများ ပေါ်ပေါက်အောင် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း၊ နိုင်ငံခြား အသံလွှင့်ဌာနများမှတစ်ဆင့် သံဃာတော်များ စီတန်းလမ်းလျှောက်မှုကို တားဆီးရာတွင် ပါဝင်ခဲ့သူများဟု မမှန်မကန်စွပ်စွဲထားသည့် အမည်စာရင်းများကို ထုတ်ပြန်ခြင်း၊ ထိုအမည်စာရင်းတွင် ပါဝင်သူများ၏ နေအိမ်နှင့်ဈေးဆိုင်များကို လူစုလူဝေးဖြင့် ဖျက်ဆီးရန်အတွက် လှုံ့ဆော်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့ လှုံ့ဆော်သွေးထိုးခဲ့သည့်အတွက် လူနှစ်ဦး၏ နေအိမ်နှင့်စတိုးဆိုင်ကို အကြမ်းဖက်ဖျက်ဆီးမှုခံခဲ့ရပါသည်။ အလားတူပင် အခြားမြို့ကြီးများရှိ NLD ပါတီဝင်များကလည်း သံဃာတော်များအတွင်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လိုက်လံဆက်သွယ်စည်းရုံးလှုံ့ဆော်ခြင်း၊ သံဃာတော်အချို့ကို တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး NLD မှ ပြုလုပ်သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ပင့်ဖိတ်ခြင်းများ ပြုလုပ်နေကြောင်း သတင်းများရရှိခဲ့ပါသည်။

အချိန်ကိုက်မြှင့်တင်ဆောင်ရွက်လာခဲ့

အဆိုပါ လုပ်ဆောင်ချက်များကို ပြန်လည်လေ့လာပါက **NLD သည် နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့်၊ အကြည်ညိုပျက်စေသည့် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ ပြည်သူလူထုကို ဆူပူအကြမ်းဖက်မှုများ ပြုလုပ်လာစေရန် လှုံ့ဆော်ခြင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်လာစေရန်အတွက် တိုက်တွန်းခြင်းစသည့် လုပ်ရပ်များကို ၈၈မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့နှင့် ပြည်ပြေးအဖွဲ့များက ပြုလုပ်သည့် မြေအောက်လှုပ်ရှားမှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများနှင့် ဟန်ချက်ညီ ချိန်ကိုက်ဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသားညီလာခံ ကျင်းပပြီးစီးပြီးနောက် မူဝါဒလမ်းစဉ်(၇)ရပ်ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ရမည့်အချိန်တွင် ၎င်းတို့၏ ဆန့်ကျင်လှုပ်ရှားမှုများကို အချိန်ကိုက်မြှင့်တင်ဆောင်ရွက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။**

ထိုလှုပ်ရှားမှုများဆောင်ရွက်ရာတွင် NLD နှင့် ၈၈မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့များသည် ၎င်းတို့၏ လှုပ်ရှားမှုများမှာ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသာဖြစ်သည်ဟု ကြေညာချက်များ ထုတ်ပြန်၍လည်းကောင်း၊ မီဒီယာများနှင့် တွေ့ဆုံ၍လည်းကောင်း အကြိမ်ကြိမ်ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ပခုက္ကူမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် ဖြစ်စဉ်များကို ထောက်ရှုပါက NLD သည် ပြည်သူလူထုနှင့် နိုင်ငံတကာကို လိမ်လည်လှည့်ဖြားရန်အတွက် အကြမ်းမဖက်လှုပ်ရှားမှုဆိုသည့် စကားလုံးကို အသုံးပြုနေသော်လည်း ၎င်းတို့၏ ရည်ရွယ်ချက် အစစ်အမှန်မှာ ၁၉၈၈ခုနှစ်ကကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်စေပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူရန် ကြိုးစားနေခြင်းသာဖြစ်ကြောင်း ထင်ရှားနေပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အပေါ်အခြေပြု ပကတိအခြေအနေများအခြေခံပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆက်တိုက်ဖော်ဆောင် မိဘပြည်သူများ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုရရှိရေး ပံ့ပိုးကူညီဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ (အောက်ပုံ)

သင်တန်းဆင်းပွဲ တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် အသင်းကြီးစတင်ဖွဲ့စည်းသည့် အချိန်မှစပြီး ၁၄နှစ်တာကာလအတွင်း အသင်းဝင်များသည် ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာစွာဖြင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစေရန်၊ အစဉ် ဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုပြီး တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသအသီးသီး၌ ရှိနေကြသည့် တိုင်းရင်းသားပေါင်းစုံ ပါဝင်သော အသင်းဝင်များသည် နယ်မြေဒေသတိုင်း၊ နယ်ပယ်တိုင်း၌ အကျိုးဖြစ်ထွန်းစေသည့် အကျိုးပြုလုပ်ငန်းများ၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရင်း လူထုတစ်ရပ်လုံးပါဝင်လာစေရန် စည်းရုံးရေးနည်းလမ်းအားဖြင့် အထောက်အကူပြုနေကြပြီ ဖြစ်ကြောင်း၊ အပြောမဟုတ်ဘဲ နှစ်စဉ် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကောင်အထည်ဖော် အကျိုးပြုနိုင်ကြသည့်အတွက် နယ်မြေလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ရရှိနေပြီ ဖြစ်ကြောင်း၊ အသင်းဝင် အင်အားသည်လည်း ၂၄ သန်းကျော်အထိ တိုးတက်လာပြီ ဖြစ်ကြောင်း။

ပိုမိုထိရောက်စွာဆောင်ရွက်

ပြည်သူများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေကြသည့် အသင်းဝင်များအနေဖြင့် ပြည်သူများ၏ အကျိုးအတွက် သယ်ပိုး ဆောင်ရွက်ရာ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အသင်းဝင် တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မားတိုးတက်ရေးသည်လည်း အရေးပါသည့်အချက်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အရည်အချင်းမြင့်မားသည့် အသင်းဝင်များအနေဖြင့် မိမိတို့ ကိုယ်တိုင်ပါဝင်သည့် နယ်မြေလူထု၏အကျိုးကို ပိုမိုသယ်ပိုးနိုင်မှာဖြစ်သလို၊ အရည်အချင်းပြည့်ဝသည့် အသင်းဝင်များဖြင့် စုပေါင်း ဖွဲ့စည်းထားသည့် အသင်းကြီးအနေဖြင့်လည်း နိုင်ငံတော်၏အကျိုး၊ နိုင်ငံသားများ၏အကျိုး ပိုမိုသယ်ပိုးနိုင်မှာဖြစ်သည်ဟု ခံယူအကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများသည် အသင်းအဆင့်ဆင့်၌ ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ်ပြီး လက်တွေ့နယ်ပယ်၌ ရင့်ကျက်သည့် အတွေ့အကြုံ ရှိကြသူများ ဖြစ်ကြကြောင်း၊ သင်တန်းကာလအတွင်း လေ့လာ၊ ဆွေးနွေး၊ ပို့ချမှုများကို မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံဖြင့် ပေါင်းစပ်ပြီး မိမိတို့ နယ်မြေဒေသများ၏ အကျိုးအတွက် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လက်ရှိကာလသည် ပြည်သူများလိုလား တောင့်တနေကြသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် ငါးပွက်ရာ ငါးစာချသလို ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး ဆက်စပ်အကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ခေတ်ဟောင်းစနစ်ဟောင်းက ခေတ်သစ်စနစ်သစ်ကို ကူးပြောင်းရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှုဆန္ဒအလိုကို ရှေ့တန်းတင်ပြီး စိတ်ကူးယဉ်တာမျိုးမဟုတ်ဘဲ ကာလသုံးပါး၌ ဆက်စပ်ဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ ပကတိအခြေအနေများအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ထူထောင်ရေးအတွက် မိမိတို့အားလုံး၌ တိကျပြတ်သားသည့် ရည်ရွယ်ချက်၊ မွန်မြတ်မှန်ကန်သည့်မူ၊ ပကတိအခြေအနေဖြင့် ကိုက်ညီသည့် လမ်းစဉ်များရှိပြီး ဖြစ်ကြောင်း။

သမိုင်းမှတ်တိုင်တစ်ခုဖြစ်

အနာဂတ် နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်ရာ၌ နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ် (၇) ရပ်၏ပထမအဆင့် အခြေခံအကျဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော်သစ်ကြီး ထူထောင်ရာ၌ အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံ အချက်များကိုလည်း အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသား အားလုံးအတွက် ကြီးမားသည့်အောင်ပွဲဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရရှိလာသည့် အခြေခံအချက်များအရ အနာဂတ် နိုင်ငံတော်သစ်ကြီးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာရေးအတွက် ဆက်လက်ရေးဆွဲကြမှာ ဖြစ်ကြောင်း၊ ပြည်သူကို ကိုယ်စားပြုသည့် အခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာစေရေးအတွက် အသင်းဝင်အားလုံး ပြည်သူများနှင့်အတူ လက်တွဲပြီး ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ပန်းခင်းသည့်လမ်းကို လျှောက်လှမ်းနေရသည့် သဘောမျိုးမဟုတ်ဘဲ ကြိုးပမ်းဆောင်ရွက်မှုတိုင်း၌ တွေ့ကြုံရမြဲဖြစ်သည့် စိန်ခေါ်မှုများ၊ ပြည်တွင်းပြည်ပက အမည်ခံအဖွဲ့အစည်းအချို့၊ လူပုဂ္ဂိုလ်အချို့၏ ဖန်တီး လုပ်ကြံမှုများကြောင့် ပေါ်ပေါက်လာရသည့် အဟန့်အတားအနှောင့်အယှက်များကို ရင်ဆိုင်ကြရဆဲဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်၌လည်း အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲသန်သူများ၏ လုပ်ဆောင်မှုများကြောင့် ကြုံတွေ့ရသည့် အနိဋ္ဌာရုံဆိုးကျိုးများကို မိမိတို့အားလုံး ခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်းလာ

၁၉၈၈ခုနှစ် အရေးအခင်းကာလကကဲ့သို့ ဆူပူအုံကြွမှု ဖြစ်လာအောင် စီးပွားရေးကို အကြောင်းပြပြီး ဆောင်ရွက်နေမှုများ၊ လူမှုရေးကို အကြောင်းပြပြီး ဆောင်ရွက်နေမှုများ၊ ယုံကြည်ကိုးကွယ်ရာဖြစ်သည့် ဘာသာရေးနယ်ပယ်၌ပင် မရှောင်ဘဲ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်ပြီး ကောလာဟလသတင်း၊ ပုံကြီးချဲ့သတင်း၊ မမှန်သတင်း ပေးပို့ထုတ်လွှင့်နေမှုများ၊ ဖောက်ခွဲဖျက်ဆီးရန် ကြိုးစားနေမှုများကိုလည်း သတိထားကြရမှာ ဖြစ်ကြောင်း၊ တိုင်းတစ်ပါးက ပကတိအခြေအနေများကို အမှန်အတိုင်း မသိသူများ၏ လိုလားချက်များအတိုင်း လမ်းညွှန်ချက်ခံယူ လုပ်ဆောင်နေကြတာများကိုလည်း သတိထားကြရမှာ ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်နှင့် လက်ရှိကာလသည် ဆယ်စုနှစ်မက ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ အရင်က အစိုးရပိုင်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်များသာရှိခဲ့သော်လည်း ပြောင်းလဲကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးအရ နိုင်ငံသားများ ပိုင်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ကုန်တိုက်ကြီးများ စသည့် ပိုင်ဆိုင်မှုများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ဆူပူအုံကြွမှုဖြစ်ပွားလျှင် နိုင်ငံသားများကိုယ်တိုင် ထူထောင်ထားကြသည့် စီးပွားရေးလုပ်ငန်းများ၊ ဆက်စပ်ဆောင်ရွက်နေကြသူများ၏ စားဝတ်နေရေးများ ထိခိုက် ဆုံးရှုံးလာမှာ ဖြစ်ကြောင်း၊ ဖျက်ဆီးလျှင် ပျက်စီးမှုကိုပဲ ပေါ်ပေါက်စေမှာဖြစ်ကြောင်း၊ စီးပွားရေးပိတ်ဆို့လျှင် ပြည်သူများထူထောင်ထားသည့် စီးပွားရေးလုပ်ငန်းများကိုသာ ထိခိုက်နစ်နာစေမှာ ဖြစ်ကြောင်း။

မိမိတို့အားလုံး အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အပျက် ခွဲခြားသိသလို လူထုတစ်ရပ်လုံးကလည်း ခွဲခြားသိမြင်နေကြပြီ ဖြစ်ကြောင်း၊ လူထုတစ်ရပ်လုံး ပါဝင်လာအောင် အကြောင်းမရှိအကြောင်းရှာပြီး နည်းလမ်းမျိုးစုံဖြင့် လှုံ့ဆော်လုပ်ဆောင်နေကြသော်လည်း ဖန်တီးလုပ်ဆောင်မှုတိုင်း၊ နေရာတိုင်း၌ လက်ချိုးရေတွက်၍ရသည့် လူတစ်စုတည်း ကသာ လုပ်ဆောင်နေကြတယ်ဆိုတာ လူထုက သိမြင်နေကြပြီ ဖြစ်ကြောင်း၊ ပုဂ္ဂလိကထင်ပေါ်ကျော်ကြားလိုမှု၊ တိုင်းတစ်ပါး၏ ချီးမြှင့်ထောက်ပံ့ ပေးကမ်းနေမှုများအပေါ် အခြေပြုထားသည့် လုပ်ဆောင်မှုများဖြင့် နိုင်ငံတော်အကျိုးအတွက် စေတနာမှန်ဖြင့် လုပ်ဆောင်မှုများကို ခွဲခြားသိမြင်နေကြပြီ ဖြစ်ကြောင်း။

ကူညီပံ့ပိုးဆောင်ရွက်

အသင်းဝင်များသည် နိုင်ငံတော် ၏ ဒေသအသီးသီး၌နေထိုင်ကြသည့်ပြည်သူများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေကြသူများ ဖြစ်ကြသည့်အတိုင်း မိမိတို့ ကိုယ်တိုင်ပါဝင်သည့် ပြည်သူများ၏ အကျိုးအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်များသည် အမျိုးသားရေး အကျိုးစီးပွားအပေါ် အခြေစိုက်သည့် မွန်မြတ်သောရည်ရွယ်ချက်များ ဖြစ်ကြသည့်အတိုင်း အောင်မြင်မှုရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးကိုလည်း မိမိတို့၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ယုံကြည်ခံယူမှုများကို ပိုမိုသိရှိလာစေရန် ဆောင်ရွက်နေကြရမှာ ဖြစ်ကြောင်း၊ စည်းရုံးရေးဆောင်ရွက်ရာ၌ ထားရှိရမည့် သဘောထားနှင့်စပ်လျဉ်းပြီး အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနား၌ အသင်းနာယကကြီးဖြစ်သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **“မိမိတို့ ရောက်လေရာတွင်ရှိသည့် မိဘပြည်သူများကို လေးလေးစားစားဆက်ဆံပြီး မိဘပြည်သူများ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုရှိအောင် တတ်နိုင်သည့်ဘက်က ကူညီပံ့ပိုး ဆောင်ရွက်ပေးကြပါဟုလည်း မှာကြားလိုကြောင်း၊ စည်းရုံးရေးဆိုသည်မှာ သဘောတရား လုပ်ငန်းစဉ်ဆိုသည့် အတွေးအခေါ်ဖြင့် စည်းရုံးရေးနှင့် လက်တွေ့ လူထုဘဝကောင်းစားရေး ဆောင်ရွက်သည့် စည်းရုံးရေးတို့ ရှိကြောင်း၊ အလွန်ကောင်းမွန်သည့် သဘောတရားရေး လုပ်ငန်းစဉ်များဖြင့် စည်းရုံးသည့်စည်းရုံးနည်းတစ်မျိုးတည်းနှင့် မလုံလောက်ကြောင်း၊ လူသားများတွင် စိတ်ပိုင်းဆိုင်ရာ ဘဝနှင့်တင် မလုံလောက်သည့် အကြောင်းတရားများစွာရှိကြောင်း၊ ထို့ကြောင့် စည်းရုံးရေးဆောင်ရွက်ရာတွင် ဘက်စုံဆောင်ရွက်ရန်လိုကြောင်း၊ သဘောတရားလုပ်ငန်းစဉ်များဖြင့် စည်းရုံးရသကဲ့သို့ တစ်ဖက်ကလည်း ပြည်သူလူထုဘဝ တိုးတက်အောင် ဆောင်ရွက်ပေးပြီး စည်းရုံးရမည်ဖြစ်ကြောင်း”** စသည်ဖြင့် ထည့်သွင်းလမ်းညွှန်ခဲ့ပါကြောင်း၊ ထိုလမ်းညွှန်ချက်များကို အသင်းဝင်တိုင်း အစဉ်အမြဲ ဦးထိပ်ပန်ဆင် လိုက်နာဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် “စည်းရုံးရေးဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေး” ဆိုသည့်မူအတိုင်း လက်တွေ့ပါသည့် အမှန်တရားကို အခြေခံပြီး စည်းရုံးဆောင်ရွက်နိုင်စွမ်း ရှိကြရမှာ ဖြစ်ကြောင်း၊ ဒေသအသီးသီး၌ ရှိနေကြသည့် မွန်မြတ်သည့် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းထားသည့် အခြားသော လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသအကျိုးကို လိုလားသည့် ပြည်သူများနှင့်ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး အင်အားစုကြီးအဖြစ် ထာဝစဉ်အကျိုးပြုနိုင်ရေးအတွက် ကြိုးပမ်းသွားကြပါ၊ တိုင်းရင်းသားပြည်သူများအကြား ရှိပြီးဖြစ်သည့် စစ်မှန်သည့် မျိုးချစ်စိတ် ထာဝစဉ် ရှင်သန်ထွန်းကားရေးအတွက် အလေးထား ဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊အမှားနှင့်အမှန်ကို သိရှိဝေဖန် ဆုံးဖြတ်နိုင်ကြသူများ ဖြစ်ကြသည့်အတိုင်း နိုင်ငံတော်အကျိုးစီးပွားအတွက် ထိခိုက်ဟန့်တားမှုဖြစ်စေသည့် လုပ်ရပ်မှန်သမျှအား ပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်းကာကွယ်သွားကြပါ၊ အသင်းကြီးက ပြည်သူများအကျိုးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသအသီးသီး၏ အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ၊ တာဝန်၏ အရေးပါမှုကို နားလည်သဘောပေါက်ပြီး နယ်မြေကအားထားရသည့် တည်ဆောက်ရေးမှူးကောင်း၊ စည်းရုံးရေးမှူးကောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရန် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးက သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့သင်တန်းသား သင်တန်းသူစုစုပေါင်း ၂၀၃ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

လူမှုရေးအခြေခံအဆောက်အအုံများ

နိုင်ငံတော်အစိုးရသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ပေါက်စေရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်နေသကဲ့သို့ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာအောင် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

ထိုကဲ့သို့ **အကောင်အထည်ဖော်ရာတွင် အသွင်ကူးပြောင်းရေးကာလ ဖြစ်သည်နှင့်အညီ အခက်အခဲ အတားအဆီးအချို့လည်း တွေ့ကြုံရမည်သာ ဖြစ်ပါသည်။ ထိုကဲ့သို့ တွေ့ကြုံလာသည့် အခက်အခဲ အတားအဆီးများကိုလည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ထားသည့်ကြားမှ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု ပူးပေါင်းပြီး ကျော်လွှားနိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ထိုအခြေအနေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တွင်ရရှိပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ပျက်ပြားစေရန်အတွက် လုပ်ဆောင်ခြင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် ဆောင်ရွက်ခြင်းများကိုမူ လုံးဝ လက်ခံမည်မဟုတ်ဘဲ တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တားဆီးနှိမ်နင်း အရေးယူသွားမည်ဖြစ်ကြောင်း** ထုတ်ပြန်ကြေညာလိုက်သည်။

သတင်းထုတ်ပြန်ရေးကော်မတီ

ဆန္ဒပြစရာ မလိုပါ ဆန္ဒပြုရန်မှတစ်ပါး အခြားမရှိပြီ

မောင်ခွဲဒိုး

"တစ်ကျပ်တန်ပါတီက တစ်မတ်တန်ပါတီများနဲ့ မညှိနိုင်"တဲ့။

မောင်ခွဲဒိုး အဲဒီ နိုင်ငံရေးစကားလုံးကို ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ အတော်ပြောင်မြောက်တဲ့ စကားလုံးလို့ ထင်ခဲ့မိလို့လဲ မှတ်မိနေခြင်းပါ။ ဒီစကားလုံးကို တွင်တွင်ကြားမိခဲ့တဲ့ ကာလက ၁၉၉၀ ရွေးကောက်ပွဲရလဒ်များကို တီဗွီ၊ ရေဒီယိုများက နေ့စဉ်ထုတ်ပြန်ကြေညာနေချိန်က ပါတီနိုင်ငံရေး လောကထဲက ထွက်လာတဲ့စကား ဖြစ်ပါတယ်။

ဩော်- တစ်ကျပ်တန်နဲ့ တစ်မတ်တန်တဲ့လား။

နိုင်ငံရေးအဆင့်အတန်း ခွဲလှချည့်။"အဆင့်အတန်းခွဲသော လူတန်းစား အမြင်"ရှိတဲ့ နိုင်ငံရေးပါတီဟာ ဒီကနေ့ လူရာမဝင်တော့တာ ဆန်းသလား။ ဒီမိုကရေစီမဆန်တဲ့ ဒီလိုစကားလုံးထွင်သူများ ဒီကနေ့မှာ "မြန်မာပြည် ဒီမိုကရေစီနိဒါန်းကာလများ"နဲ့ပင် မထိုက်မတန်၊ အလှမ်းကွာ လူရာမဝင် ဖြစ်နေပါလား။

ဒါဟာ မြန်မာပြည်သူများရဲ့ မသိစိတ်များက ဒဏ်ခတ်မှုပဲ ဖြစ်ပါတယ်။ ဒီလို လူတန်းစားခွဲခြားတဲ့ အမြင်ရှိတဲ့ ပါတီက နိုင်ငံရေးအာဏာကိုရခဲ့ရင် မြန်မာပြည်သူတစ်ရပ်လုံးကို လူတန်းစား အဆင့်အတန်း ဘယ်နှစား ခွဲထားမလဲဆိုတာ တွေးမိရင်တောင် ထိတ်လန့်စရာ ကောင်းလှပါတယ်။ ဒီစကားလုံးကို သုံးတဲ့ နိုင်ငံရေးပါတီက ဘယ်ပါတီလို့ ထင်ပါသလဲ။ အများသိတော်မူကြတဲ့ NLD ပဲ ဖြစ်ပါတယ်။

အာဏာရယူဖို့ လောဘဇောတက်

ရွေးကောက်ပွဲရလဒ်ကြောင့် အာဏာရယူဖို့ လောဘဇောတက်နေတဲ့ NLD ဟာ လွှတ်တော်ကို ဖွတ်ခေါ်ဖို့တို့၊ အခြေခံဥပဒေကို တစ်ထိုင်တည်း ရေးဆွဲပစ်လိုက်ဖို့တို့အတွက် တခြားဘယ်ပါတီနဲ့မှ ညှိနှိုင်းစရာမလိုဘူးဆိုတဲ့ သဘောထားကို 'တစ်ကျပ်တန်'နဲ့ 'တစ်မတ်တန်'ခွဲပြီး သုံးနှုန်းပြောဆိုခဲ့တဲ့ စကားလုံး ဖြစ်ပါတယ်။

အမှန်တော့ 'တစ်ကျပ်တန်'မို့ တန်ဖိုးကြီးတယ်။ 'တစ်မတ်တန်'မို့ တန်ဖိုးနည်းတယ် ဖြစ်နေပါစေ။ တစ်ကျပ်တန်ပါတီတွင်းမှာ (အမှားအမှန် မသိတဲ့ အများဆန္ဒ)မျိုးဖြစ်နေရင် ပေးဆပ်လိုက်ရမယ့် တန်ဖိုးက အတော်ကြီးသွားနိုင်ပါတယ်။ ဒီလို (အမှားအမှန်မသိတဲ့ အများဆန္ဒ)တွေကြောင့် (အများမိုးခါးရေသောက်)ဆိုတဲ့စကား၊ (အများညီ ဤကိုကျွဲဖတ်)ဆိုတဲ့ စကားဆိုရိုးတွေ ဖြစ်ပေါ်လာတာ မဟုတ်လား။

ဒီနေရာမှာ 'ဆိုကရေးတီး ပေးဆပ်လိုက်ရတဲ့ ဒီမိုကရေစီ' အကြောင်းလေး ဥပမာပေးချင်ပါတယ်။

ဒီမိုကရေစီဆိုတာကို စိတ်ဝင်စား၊ လိုက်နာကျင့်သုံးလိုသူများ သိပြီးဖြစ်မယ့်ကိစ္စလို့ ထင်ပါတယ်။ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေသူတွေလဲ ရှိမယ်ထင်ပါတယ်။ မောင်ခွဲဒိုး ရေးကြီးခွင့်ကျယ် လုပ်တာတော့ မဟုတ်ရပါ။

တွေးစရာ၊ သုံးသပ်စရာအဖြစ် ရှုမြင်တင်ပြခြင်းအဖြစ်သာ မှတ်ယူစေလိုပါတယ်။

အနောက်တိုင်း ပြက္ခဒိန်အယူအဆအရ 'ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၇၅၀' လောက်ကတည်းက ဂရိမြို့ပြနိုင်ငံငယ်လေးတွေမှာ 'တိုက်ရိုက် ဒီမိုကရေစီ'ထွန်းကားနေပြီလို့ မှတ်တမ်းများမှာ တွေ့ရတယ်။ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးတဲ့နိုင်ငံက ဂရိမြို့ပြဖြစ်တဲ့ 'အေသင်နိုင်ငံ'လို့ သမိုင်းဆရာများက ဆိုပါတယ်။

ဒီရှေးဦးမဆွ အခြေခံဒီမိုကရေစီထွန်းကားရာ ဒေသဖြစ်တဲ့ 'အေသင်'မှာ'ဆိုကရေးတီး'ဆိုသူ ပညာရှင်ကြီးဟာ လူဖြစ်လာရရှာပါတယ်။ ကနေ့ ၂၁ရာစုအထိ သူ့အတွေးအခေါ်၊ သူ့အယူအဆတွေ လွှမ်းမိုးထားနိုင်စွမ်းတဲ့ ဆိုကရေးတီးဖြစ်အင်ကို မောင်ခွဲဒိုး လေ့လာကြည့်မိပါတယ်။ ဒီမိုကရေစီ မြစ်ဖျားခံရာ ဂရိနိုင်ငံရဲ့ အေသင်မြို့တော်မှာ ဆိုကရေးတီး မွေးဖွားလာချိန်ကို သမိုင်းဆရာများက 'ခရစ်တော်မပေါ်မီ နှစ် ၅၀၀'လို့ သတ်မှတ်ပါတယ်။ ဒီလိုဆိုရင် 'ဆိုကရေးတီး' လူဖြစ်လာချိန်ကာလ မတိုင်ခင်ကတည်းက အေသင်မှာ ဒီမိုကရေစီဝါဒ ယဉ်ပါးထွန်းကားနေတာ နှစ် ၂၅၀ သက်တမ်း ကြာရှည်နေပြီလို့ မှတ်ရမှာဖြစ်ပါတယ်။

ဒီမိုကရေစီ မူလဘူတအခြေခံ

အဲဒီလို ဆိုကရေးတီးမွေးချိန်မှာ နှစ်ပေါင်း ၂၀၀ ကျော် ဒီမိုကရေစီ အတွေ့အကြုံ ပြည့်ဝနေပြီဖြစ်တဲ့ 'အေသင်'မှာ "မိမိရဲ့ ကိုယ်ကျင့်တရားကို လေ့လာစိစစ်ခြင်းဖြင့် အမှန်တရားကို ရှာဖွေရမယ်"ဆိုတဲ့ အခြေခံကျတဲ့ ဒဿနတရားရှင် ဆိုကရေးတီးဟာ သူ့ဝါဒကို လွတ်လပ်စွာ ပြောဟောခွင့် မရခဲ့ရှာပါဘူး။ သူ့ဒဿနကို စာဖြင့် တစ်လုံး တစ်ပါဒမျှပင် မှတ်တမ်းတင် မရေးသားခဲ့ရရှာပါဘူး။ ဒါတောင် ဒီမိုကရေစီ မူလဘူတ အခြေခံတိုင်းပြည်နော်။

အဲဒီကာလမှာ အကြောင်းသင့်ရာများကို စုဝေး တိုင်ပင်ဆွေးနွေးမှသာ ဒီမိုကရေစီကျတယ်ဆိုတဲ့ 'ဆိုးဖစ်'ပညာရှင်တွေရဲ့ ဒဿနတွေက အေသင်မှာ ကြီးစိုးနေပါတယ်။ 'ဆိုးဖစ်'တွေဟာ (ဒီမိုကရေစီဆန်တဲ့အတွက်)စကားပရိယာယ် လိမ္မာကြတယ်၊ ဆွေးနွေးရာမှာ အကျိုးသင့် အကြောင်းသင့် ငြင်းခုန်တာထက် စကားနိုင်လု ငြင်းခုန်လေ့ရှိကြတယ်လို့ အဲသလိုဆိုပါတယ်။ အကျယ်သိချင်ရင်တော့ မြန်မာ့စွယ်စုံကျမ်း 'ဆိုကရေးတီး'အညွှန်းမှာ ဖော်ပြထားပါရဲ့ဗျာ။ ရှာဖွေ ဖတ်ကြည့်နိုင်ကြပါတယ်။

အဲဒီခေတ်ကာလက အေသင်ရဲ့ 'ဆိုးဖစ်'တွေက အများစုဆိုတော့ 'တစ်ကျပ်တန်'တွေ ဖြစ်မှာပေါ့။ ဆိုကရေးတီးကတော့ သူ့တပည့် ဇင်နိုဖန်နဲ့ ပလေတိုတို့ နှစ်ဦးသာရှိခဲ့တဲ့အတွက် 'တစ်မတ်တန်'ဖြစ်ခဲ့ရရှာမှာပါ။

လူတိုင်းသည် တရားဥပဒေအမြင်တွင် တူညီသည်

လိုရင်းချုပ်ရရင် ဆိုကရေးတီးဟာ အရာအားလုံးကို မျက်စိမှိတ်ယုံတတ်သူ မဟုတ်တဲ့အတွက် ချမ်းသာ၊ ဆင်းရဲမရွေး တွေ့သူတိုင်းကို သူသိလိုသမျှ မေးတတ်၊ လေ့လာစိစစ်တတ်လို့ 'ဆိုးဖစ်'တွေက သူ့ရဲ့ အတွေးအခေါ်တွေဟာ အတုယူမှားနိုင်တယ်၊ ဒီမိုကရေစီကို ထိခိုက်နိုင်တယ်လို့ ယူဆပြီး အဲဒီခေတ်ရဲ့ 'တစ်ကျပ်တန် ဆိုးဖစ်'တွေက 'တစ်မတ်တန် ဆိုကရေးတီး'ကို ဒီမိုကရေစီရဲ့ အနှစ်ချုပ်သဘောလို့ ဆိုတဲ့ "လူတိုင်းသည် တရားဥပဒေအမြင်တွင် တူညီသည်"ဆိုတဲ့ ဥပဒေသကို လက်ကိုင်ပြုပြီး တရားရုံးမှာ ကိုယ့်အဆိပ်ခွက်၊ ကိုယ်တိုင်ကိုင်ပြီး မော့သောက်စေရတဲ့ သေဒဏ်မျိုး ပေးခဲ့ကြပါတယ်။

ဟိုးနှစ်ပေါင်း ၂၅၀၀ လောက်က 'တစ်မတ်တန်' ဖြစ်ခဲ့ရရှာတဲ့ ဆိုကရေးတီးရဲ့ ဒဿနတွေဟာ ကနေ့ ၂၁ ရာစုအထိ ရှင်သန်နေဆဲဖြစ်ပြီး တစ်ကျပ်တန် ဆိုးဖစ်ပညာရှင်တွေရဲ့ ဒဿနတွေကတော့ ဒီနေ့ ဒီအချိန်အခါမှာ ဘယ်သူတွေဆီမှာ ရှင်သန်နေသလဲဆိုတာ စဉ်းစားစရာပါပဲ။

ဒါကြောင့် (အမှားအမှန် မခွဲခြားတတ်တဲ့ အများဆန္ဒ)က အားသာခဲ့ရင် အန္တရာယ်များပြီး မဆုံးရှုံးသင့်တာ ဆုံးရှုံးရတတ်တဲ့အကြောင်းကို 'ဆိုကရေးတီး'ဟာ သေဆုံးချိန်အထိ သူ့ကိုယ်ခန္ဓာကို အကြောင်းပြုပြီး နောင်လာနောက်သားတွေကို ဒီမိုကရေစီသမိုင်း သင်ခန်းစာပေးခဲ့တာပဲလို့ မောင်ခွဲဒိုး သုံးသပ်မိပါတယ်ခင်ဗျာ။

မောင်ခွဲဒိုးမြင်တဲ့ ဆိုကရေးတီးရဲ့ ဥပမာကို တွေးမိနိုင်ကြပြီဆိုရင်တော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးသားရေးအတွက် နည်းလမ်းကျတဲ့ ဒီမိုကရေစီဝါဒနဲ့ ဘယ်လိုချီတက်မလဲဆိုတာကို ဆက်ပြီး တွေးစရာလေးတွေ ဖြစ်လာပါတယ်။

ကနေ့အောင်မြင်စွာ ပြင်ဆင်ထားနိုင်ပြီဖြစ်တဲ့ ရှေ့ခရီးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနည်းလမ်းနဲ့ ဆက်ချီတက်ဖို့ အမျိုးသားညီလာခံကြီးက ချမှတ်နိုင်ခဲ့တဲ့ စည်းကမ်းနည်းလမ်းတွေကို ပါဝင်၊ ဆွေးနွေး၊ တိုင်ပင် ဖော်ထုတ်ခဲ့ကြတဲ့ ညီလာခံကိုယ်စားလှယ်တွေဟာ တစ်ကျပ်တန်က စလို့ မှူး မတ်၊ ပြားစေ့အထိ အဆင့်မရွေး၊ အလွှာမရွေး ရပိုင်ခွင့်တွေရှိရမယ့်၊ ဖော်ထုတ် ပြောဆိုခွင့်ရှိရမယ့် ဒီမိုကရေစီရဲ့ အခြေခံအခွင့်အရေးတွေကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဒီလို အောက်ခြေသိမ်း အသေးစိတ်ကစပြီး အခြေခံမူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေး နိုင်ခဲ့တာကိုက 'မဟာပါတီကြီး' အဖြစ်ခံယူထားတဲ့ NLD နဲ့ အမျိုးသားညီလာခံ အကြား 'အဟပ်ကွာရတဲ့ အခြေခံကိစ္စ' ဖြစ်သွားပါတယ်။

အခုဖြစ်နေတဲ့ လက်ရှိကိစ္စမှာ အများအ
လမ်းစဉ်မှာ NLD မပါဝင်ရေး ဖြစ်နေတယ်
ပြောပြရတော့မှာ ဖြစ်ပါတယ်။

အမျိုး

ဒီဆောင်းပါးရဲ့ အစမှာဆိုထားသလို N
ထားပြီးဖြစ်တဲ့အတွက် တပ်မတော်အစိုးရက
ပါဝင်လာဖို့ လက်ကမ်းကြိုခဲ့ပြီးဖြစ်တယ်ဆို

ဒါကြောင့် NLDက 'ဒီကနေ့ နိုင်ငံရေ
အောင်'လို့ အသံကောင်း ပေးလာရင်တော့

ကနေ့အောင်မြင်စွာ ပြင်ဆင်ထားနိုင်ပြ
ဆက်ချီတက်ဖို့ အမျိုးသားညီလာခံကြီးက
တိုင်ပင် ဖော်ထုတ်ခဲ့ကြတဲ့ ညီလာခံကိုယ်စား
အဆင့်မရွေး၊ အလွှာမရွေး ရပိုင်ခွင့်တွေရှိရမ
အရေးတွေကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဒီလို အော
ညီလာခံကြီးက ချမှတ်ပေးနိုင်ခဲ့တာကိုက 'မပ
အကြား 'အဟပ်ကွာရတဲ့ အခြေခံကိစ္စ' ဖြစ်

သူ့ကို

ဘာကြောင့်ဆို ရွေးကောက်ပွဲရလဒ်အပြီးမှ
အခြေခံဥပဒေကိုရေးပါ လို့ဆိုပြီးသားပါ။ NL
ခံယူပြီး မှူး၊ မတ်၊ ပြားစေ့တွေရဲ့ အခွင့်အ
ဥပဒေကို သူရေးထားပြီးပြီလို့ ဆိုလာတယ်။

သူ့အခြေခံဥပဒေနဲ့ လွှတ်တော်ကိုခေါ်
ပြောနေတာ မဟုတ်ဘူးနော်။ မြန်မာ့ နိုင်ငံရေ
NLDက ခွဲထွက်လာသူတွေ ကိုယ်တိုင်က အ
တယ်။ တည်ဆဲတပ်မတော်အစိုးရကလဲ ဖွဲ့စ
စနစ်တကျ ပေါ်ထွက်လာမယ့် လွှတ်တော်က

ဒီကြားထဲမှာ"ဖွဲ့စည်းပုံအခြေခံဥပဒေက
စည်းလုံးရေးလိုလားတယ်ဆိုရင် ကျွန်မဆီ ဖုန်း
ဒါဟာ သမိုင်းမှာ တကယ်ဖြစ်တည်ခဲ့တာတွေ
မလိုတာတွေကို NLD အနေနဲ့ သူတို့ဟာသူ

အဲဒီနောက်မှာ တပ်မတော်အစိုးရက ၁
ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို နို
ရမယ့် ပုဂ္ဂိုလ်တွေဖြစ်သွားစေချင်လို့ ဖြစ်ပါ

ဒီ ၁/၉၀ ကို NLDက လက်ခံတယ်၊
၁/၉၀ ကြောင့် NLD ပါတီ ကိုယ်တိုင် နို
သွားကြမယ့် တာဝန်ရှိပုဂ္ဂိုလ်တွေထဲမှာ ပါဝ

တစ်

ဒါပေမယ့် တစ်ဖက်မှာလဲ သူ့စိတ်
လက်ရှိအစိုးရရဲ့ နောက်မြီးဆွဲလို့လဲ အဖြစ်
လုပ်ပေးနေသူတွေလဲ သက်မ ချနိုင်အောင်
ရှင်သန် ရပ်တည်ရေးအတွက် သူတို့ ဒီလို
တပ်မတော်အစိုးရကပေးတဲ့ အမျိုးသားညီလာ
ပြုပြီး လက်ခံယူတယ်။ ကျေနပ်စွာနဲ့ အမျိုးသ
အထိ ဖြစ်မြောက်ခဲ့တယ်။ အဲဒီကာလပြီးမြော
တက်တဲ့ ကိစ္စကို သူသဘောမကျတဲ့အတွက်
ကြတယ်။

ဒါကိုကြည့်ရင် လက်ရှိအစိုးရဟာ အမျိုး
မဟုတ်တဲ့အပြင် NLD အတွက် အသေအ
သာဖြစ်ပါတယ်။

ဒီမို

အမျိုးသားညီလာခံမှာ ဦးဆောင်ဦးရွက်
ညီလာခံက ထွက်ပေါ်လာမယ့် ဒီမိုကရေစီ
အခုမှ စတင်လှမ်းရမယ့် လမ်းစဖြစ်ပါတယ်"လ
ဒါဟာ ဘာကို အခြေခံသလဲဆိုရင် ဒီမိုကရေ
ရှိခဲ့ရင် ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဖြည့်စွ
တစ်ဆင့် အဆင့်မြင့် ဖြောင့်ဖြူးစေဖို့ ရည်ရွ

လွန်ခဲ့တဲ့ နှစ် ၂၀၀၀ ကျော်ကတည်း
End မဖြစ်သေးပါဘူး၊ Process အဖြစ်နဲ့ ဆ
လိုလို ကျင့်သုံးနေရတာပါပဲဆိုတာကို ရည်ည

ဒီတော့ **မြန်မာပြည်ရဲ့ နှစ် ၂၀တောင်**
တောင် လိုအပ်ချက်တွေရှိနေဦးမှာ မဟုတ်လ
ဖြစ်ဖို့၊ အပြည့်အစုံဆုံးဆိုတဲ့ အခွင့်အရေးတွေ
ဆိုခွင့်ပြုထားတဲ့ နေရာဌာနတွေကနေ ဆန္ဒပြ
မလိုပါ။ ဂရိဆိုးဖစ် ပညာရှင်ကြီးတွေရဲ့ ဒီမိုက
အရေးကြီးပြန်ပါတယ်။ မဟုတ်ဘူးလား။

တစ်မ

ဒါကြောင့် မြန်မာပြည်ကို နှစ်ကြိမ်တို
မစ္စတာဂမ်ဘာရီ ကိုယ်တိုင် အမျိုးသားပြန်

အခုဖြစ်နေတဲ့ လက်ရှိကိစ္စမှာ အများအထင်က တပ်မတော်အစိုးရ ဦးဆောင်ဦးရွက်ပြုနေတဲ့ နိုင်ငံရေးလမ်းစဉ်မှာ NLD မပါဝင်ရေး ဖြစ်နေတယ်လို့ မြင်နေကြတဲ့ အမြင်ကို ရှင်းရှင်းလင်းလင်း မြင်သာအောင် ပြောပြရတော့မှာ ဖြစ်ပါတယ်။

အမျိုးသားရေးအင်အားစုအဖြစ်

ဒီဆောင်းပါးရဲ့ အစမှာဆိုထားသလို NLD ဟာ နဂိုမူလကတည်းက 'တစ်ကျပ်တန်ပါတီ'အဖြစ် ခံယူထားပြီးဖြစ်တဲ့အတွက် တပ်မတော်အစိုးရကလဲ ဒီလိုပါတီမျိုးကို 'အမျိုးသားရေးအင်အားစု'အဖြစ် ပေါင်းစုပါဝင်လာဖို့ လက်ကမ်းကြိုခဲ့ပြီးဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်း အထင်အရှား ရှိနေပါတယ်။

ဒါကြောင့် NLDက 'ဒီကနေ့ နိုင်ငံရေးပြဿနာတွေကို အခုချက်ချင်း စားပွဲဝိုင်းဆွေးနွေးပွဲနဲ့ စလိုက်ရအောင်'လို့ အသံကောင်း ပေးလာရင်တော့ ဒီအသံ စေတနာ မှန်၊ မမှန် သုံးသပ်ရတော့မှာ ဖြစ်ပါတယ်။

ကနေ့အောင်မြင်စွာ ပြင်ဆင်ထားနိုင်ပြီဖြစ်တဲ့ ရှေ့ခရီးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနည်းလမ်းနဲ့ ဆက်ချီတက်ဖို့ အမျိုးသားညီလာခံကြီးက ချမှတ်နိုင်ခဲ့တဲ့ စည်းကမ်းနည်းလမ်းတွေကို ပါဝင်၊ ဆွေးနွေး၊ တိုင်ပင် ဖော်ထုတ်ခဲ့ကြတဲ့ ညီလာခံကိုယ်စားလှယ်တွေဟာ တစ်ကျပ်တန်က စလို့ မူး၊ မတ်၊ ပြားစေ့အထိ အဆင့်မရွေး၊ အလွှာမရွေး ရပိုင်ခွင့်တွေရှိရမယ့်၊ ဖော်ထုတ် ပြောဆိုခွင့်ရှိရမယ့် ဒီမိုကရေစီရဲ့ အခြေခံအခွင့်အရေးတွေကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ဒီလို အောက်ခြေသိမ်း အသေးစိတ်ကစပြီး အခြေခံမူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးနိုင်ခဲ့တာကိုက 'မဟာပါတီကြီး'အဖြစ် ခံယူထားတဲ့ NLD နဲ့ အမျိုးသားညီလာခံအကြား 'အဟပ်ကွာရတဲ့ အခြေခံကိစ္စ' ဖြစ်သွားပါတယ်။

သူ့ကိုယ်သူ တစ်ကျပ်တန်ပါတီ

ဘာကြောင့်ဆို ရွေးကောက်ပွဲရလဒ်အပြီးမှာ တပ်မတော်အစိုးရ အနေနဲ့ အနိုင်ရတဲ့ပါတီက ဦးဆောင်ပြီးတော့ အခြေခံဥပဒေကိုရေးပါ လို့ဆိုပြီးသားပါ။ NLD ပါတီက သူ့ကိုယ်သူ တစ်ကျပ်တန်ပါတီ(မဟာပါတီကြီး)လို့ ခံယူပြီး မူး၊ မတ်၊ ပြားစေ့တွေရဲ့ အခွင့်အရေးတွေကို ထည့်မတွက်တော့ဘဲ အနိုင်ရပါတီအနေနဲ့ အခြေခံဥပဒေကို သူရေးထားပြီးပြီလို့ ဆိုလာတယ်။

သူ့အခြေခံဥပဒေနဲ့ လွှတ်တော်ကိုခေါ်မယ်၊ အာဏာလွှဲပါလို့ ဆိုတယ်။ ဒါဟာ မောင်ဒဲ့ဒိုးအထင်နဲ့ ပြောနေတာ မဟုတ်ဘူးနော်။ မြန်မာ့ နိုင်ငံရေးသမိုင်းကြောင်းမှာ ရှိပြီးသား အချက်အလက်မှန်တွေ ဖြစ်သလို NLDက ခွဲထွက်လာသူတွေ ကိုယ်တိုင်က အနယ်နယ်လှည့်ပြီး လက်ရှိ မှာ ပြောကြားရင်ဖွင့်နေကြတာဖြစ်ပါတယ်။ တည်ဆဲတပ်မတော်အစိုးရကလဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောင့်စေ့၊ ကွက်ပြည့်ဖြစ်ဖို့ ပြင်ဆင်ပြီး စနစ်တကျ ပေါ်ထွက်လာမယ့် လွှတ်တော်ကမှ နိုင်ငံတော်အာဏာ အရပ်ရပ်ကို ခွဲဝေတာဝန်ယူစေချင်တယ်။

ဒီကြားထဲမှာ"ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတစ်ယောက်တည်း ရေးမယ်၊ အမျိုးသား သင့်မြတ်စည်းလုံးရေးလိုလားတယ်ဆိုရင် ကျွန်မဆီ ဖုန်းကောက်ဆက်လိုက်ရင်ပြီးပါတယ်"ဆိုတဲ့ အထိတွေ ဖြစ်လာတယ်။ ဒါဟာ သမိုင်းမှာ တကယ်ဖြစ်တည်ခဲ့တာတွေပါ။ အာဏာကို အရင်လွှဲယူပြီးမှ ဖွဲ့စည်းပုံဥပဒေမူမှာ လိုတာ၊ မလိုတာတွေကို NLDအနေနဲ့ သူတို့ဟာသူတို့ သုံးသပ်ပြီး လုပ်မယ်ဆိုတဲ့ သဘောတရားဖြစ်လာတယ်။

အဲဒီနောက်မှာ တပ်မတော်အစိုးရက ၁/၉၀ ထုတ်ပြန်ပေးတယ်။ ၁/၉၀ဟာ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဦးတည်သွားရမယ့် ပုဂ္ဂိုလ်တွေဖြစ်သွားစေချင်လို့ ဖြစ်ပါတယ်။

ဒီ ၁/၉၀ ကို NLDက လက်ခံတယ်၊ သဘောတူလိုက်တယ်။ ဘာကြောင့် လက်ခံသဘောတူသလဲဆို ၁/၉၀ကြောင့် NLD ပါတီ ကိုယ်တိုင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဦးတည်သွားကြမယ့် တာဝန်ရှိပုဂ္ဂိုလ်တွေထဲမှာ ပါဝင်သွားလို့ ဖြစ်ပါတယ်။

တစ်ကျပ်တန် မဟာအတွေး

ဒါပေမယ့် တစ်ဖက်မှာလဲ သူ့စိတ်ဓာတ်အခံဖြစ်တဲ့ 'တစ်ကျပ်တန် မဟာအတွေး'ကလဲ ရှိနေတော့ လက်ရှိအစိုးရရဲ့ နောက်မီးဆွဲလို့လဲ အဖြစ်မခံ၊ အပြောမခံနိုင်တဲ့အတွက် သူတို့ကို မြှောက်ထိုးပင့်ကော်လုပ်ပေးနေသူတွေလဲ သက်မ ချနိုင်အောင် Statementတစ်စောင် ထုတ်တယ်။ 'NLD ပါတီ ဆက်လက်ရှင်သန် ရပ်တည်ရေးအတွက် သူတို့ ဒီလိုလုပ်လိုက်ရတာပါ'ဆိုတဲ့ အကြောင်းပြချက်ဖြစ်တယ်။ ပြီးတော့ တပ်မတော်အစိုးရကပေးတဲ့ အမျိုးသားညီလာခံတက်ရမယ့် ကိုယ်စားလှယ်ဝေစုကို NLD က အသိအမှတ်ပြုပြီး လက်ခံယူတယ်။ ကျေနပ်စွာနဲ့ အမျိုးသားညီလာခံကို တက်ရောက်ကြတယ်။ အခြေခံမူ ၁၀၄ချက်ရတဲ့အထိ ဖြစ်မြောက်ခဲ့တယ်။ အဲဒီကာလပြီးမြောက်ချိန်မှာ ပါတီခေါင်းဆောင် အမျိုးသမီးက အမျိုးသားညီလာခံတက်တဲ့ ကိစ္စကို သူသဘောမကျတဲ့အတွက် တက်နေတဲ့ NLDတွေ အမျိုးသားညီလာခံက ထွက်တော်မူကြတယ်။

ဒါကိုကြည့်ရင် လက်ရှိအစိုးရဟာ အမျိုးသားညီလာခံလမ်းကြောင်းပေါ်က NLDကို ဖယ်ထုတ်ပစ်တာ မဟုတ်တဲ့အပြင် NLD အတွက် အသေအချာကို ၁/၉၀နဲ့ သတ်မှတ်ပြီး နေရာပေးထားတာကို တွေ့ရမှာသာဖြစ်ပါတယ်။

ဒီမိုကရေစီလမ်းကြောင်းမှန်

အမျိုးသားညီလာခံမှာ ဦးဆောင်ဦးရွက်ပြုနေတဲ့ တာဝန်ရှိ အကြီးအကဲ ပုဂ္ဂိုလ်ကြီးတစ်ဦးက "အမျိုးသားညီလာခံက ထွက်ပေါ်လာမယ့် ဒီမိုကရေစီ အခြေခံဥပဒေတွေဟာ တစ်ခါတည်း ပြီးစီးသွားတာမဟုတ်ဘူး။ အခုမှ စတင်လှမ်းရမယ့် လမ်းစဖြစ်ပါတယ်"လို့ အဓိပ္ပာယ်ရတဲ့စကားကို လေးနက်စွာ ပြောထားပြီးဖြစ်ပါတယ်။ ဒါဟာ ဘာကို အခြေခံသလဲဆိုရင် ဒီမိုကရေစီရဲ့ ကျော့ရိုးဖြစ်တဲ့ အခြေခံဥပဒေမူတွေထဲမှာ လိုအပ်တာတွေ ရှိခဲ့ရင် ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဖြည့်စွက်ပြုပြင်ပြီး ဒီမိုကရေစီလမ်းကြောင်းမှန်ဟာ တစ်ဆင့်ထက်တစ်ဆင့် အဆင့်မြင့် ဖြောင့်ဖြူးစေဖို့ ရည်ရွယ်ထားပြီးသားဆိုတာ ပေါ်လွင်ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၂၀၀၀ ကျော်ကတည်းက စတင်ခဲ့တဲ့ ဒီမိုကရေစီဝါဒ လမ်းမကြီးဟာ ယနေ့တိုင် Endမဖြစ်သေးပါဘူး၊ Processအဖြစ်နဲ့ ဆက်သွားရင်း လိုတိုးပိုလျှော့ လုပ်နေရတာက ဒီကနေ့ နိုင်ငံတိုင်းလိုလို ကျင့်သုံးနေရတာပါပဲဆိုတာကို ရည်ညွှန်းလိုက်တာဖြစ်ပါတယ်။

ဒီတော့ **မြန်မာပြည်ရဲ့ နှစ် ၂၀တောင် မပြည့်သေးတဲ့ ဒီမိုကရေစီ ခရီးလမ်း အစလေးအတွက်ဆို ပိုလို့တောင် လိုအပ်ချက်တွေရှိနေဦးမှာ မဟုတ်လား။ ဒီအတွက် မြန်မာပြည်သူတွေဟာ ကိုယ်လိုချင်တာတွေရဖို့၊ ဖြစ်ဖို့၊ အပြည့်အစုံဆုံးဆိုတဲ့ အခွင့်အရေးတွေ ပေါ်ပေါက်ဆုပ်ကိုင်နိုင်ဖို့ ဒီမိုကရေစီနည်းလမ်းကျစွာ ပြောရေးဆိုခွင့်ပြုထားတဲ့ နေရာဌာနတွေကနေ ဆန္ဒပြုကြရမှာဖြစ်ပါတယ်။ အဲဒီအတွက် လမ်းပေါ်ထွက် ဆန္ဒပြစရာ မလိုပါ။** ဂရိဆိုးဖစ် ပညာရှင်ကြီးတွေရဲ့ ဒီမိုကရေစီလို (အမှားအမှန် မသိတဲ့ အများဆန္ဒ)မျိုး မဖြစ်သွားဖို့ကလဲ အရေးကြီးပြန်ပါတယ်။ မဟုတ်ဘူးလား။

တစ်မတ်တန်လို ကိစ္စမျိုးကအစ

ဒါကြောင့် မြန်မာပြည်ကို နှစ်ကြိမ်တိုင် လာရောက်လေ့လာခဲ့တဲ့ ကုလသမဂ္ဂ တွဲဖက်အတွင်းရေးမှူး မစ္စတာဂမ်ဘာရီ ကိုယ်တိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အသေးငယ်ဆုံးကိစ္စ (Small Scale)က

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားညီလာခံမှာ ဦးဆောင်ဦးရွက်ပြုနေတဲ့ တာဝန်ရှိ အကြီးအကဲ ပုဂ္ဂိုလ်ကြီးတစ်ဦးက "အမျိုးသားညီလာခံက ထွက်ပေါ်လာမယ့် ဒီမိုကရေစီ အခြေခံဥပဒေတွေဟာ တစ်ခါတည်း ပြီးစီးသွားတာမဟုတ်ဘူး။ အခုမှ စတင်လှမ်းရမယ့် လမ်းစဖြစ်ပါတယ်"လို့ အဓိပ္ပာယ်ရတဲ့စကားကို လေးနက်စွာ ပြောထားပြီးဖြစ်ပါတယ်။ ဒါဟာ ဘာကိုအခြေခံသလဲဆိုရင် ဒီမိုကရေစီရဲ့ ကျော့ရိုးဖြစ်တဲ့ အခြေခံဥပဒေမူတွေထဲမှာ လိုအပ်တာတွေရှိခဲ့ရင် ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဖြည့်စွက်ပြုပြင်ပြီး ဒီမိုကရေစီလမ်းကြောင်းမှန်ဟာ တစ်ဆင့်ထက်တစ်ဆင့် အဆင့်မြင့် ဖြောင့်ဖြူးစေဖို့ ရည်ရွယ်ထားပြီးသား ဆိုတာ ပေါ်လွင်ပါတယ်။

မြန်မာပြည်ရဲ့ နှစ် ၂၀တောင် မပြည့်သေးတဲ့ ဒီမိုကရေစီ ခရီးလမ်း အစလေးအတွက်ဆို ပိုလို့တောင် လိုအပ်ချက်တွေရှိနေဦးမှာ မဟုတ်လား။ ဒီအတွက် မြန်မာပြည်သူတွေဟာ ကိုယ်လိုချင်တာတွေ ရဖို့၊ ဖြစ်ဖို့၊ အပြည့်အစုံဆုံးဆိုတဲ့ အခွင့်အရေးတွေ ပေါ်ပေါက် ဆုပ်ကိုင်နိုင်ဖို့ ဒီမိုကရေစီ နည်းလမ်းကျစွာ ပြောရေး ဆိုခွင့်ပြုထားတဲ့ နေရာဌာနတွေကနေ ဆန္ဒပြုကြရမှာဖြစ်ပါတယ်။ အဲဒီအတွက် လမ်းပေါ်ထွက် ဆန္ဒပြစရာမလိုပါ။

လက်ရှိ အခွင့်အရေးလေး၊ အနေအထားမျိုးလေးရဖို့ကိုပဲ ဆယ်စုနှစ်နဲ့ချီပြီး အမျိုးသားညီလာခံကြီးက တစ်ဆင့် ဖော်ထုတ်ရနိုင်ဖို့ ကျားကုတ်ကျားခဲ လုပ်ထားပြီးလို့ အမျိုးသားညီလာခံကြီး ပြီးဆုံးချိန်ရောက်တော့မှ ရှေ့ခရီးမဆက်နိုင်အောင်လို့ နိုင်ငံရေး ပယောဂတွေ ဝင်ပူးလာတာကို မြန်မာပြည်သူတွေ သတိပြုဖို့လိုနေပါပြီ။ တိုက်ဆိုင်လွန်းပါတယ်။ အမျိုးသားညီလာခံပြီးလို့ ပြည်သူတွေ ဆန္ဒပြု၊ ဆန္ဒပေးရတော့မယ့် ကာလရောက်ချိန်မှာမှ ဆန္ဒပြတဲ့ လုပ်ရပ်လေးတွေ နေရာကွက်ကျားမှာ တဖွဲဖွဲ ဖန်တီးလာကြတာဟာ ပယောဂ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

စရမယ်လို့ နည်းလမ်းကျစွာ ပြောခဲ့တာကိုကြည့်ရင် တစ်မတ်တန်လို ကိစ္စမျိုးကအစ အလေးထားပြင်ဆင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖြစ်စေပါတယ်။ ဒါကို တစ်ကျပ်တန် မဟာပါတီကြီးဝါဒ အတွေးအခေါ်ရှိသူ ပညာရှင်တွေ သဘောပေါက်သင့်ပါတယ်။

ဒီလို **လက်ရှိအခွင့်အရေးလေး၊ အနေအထားမျိုးလေး ရဖို့ကိုပဲ ဆယ်စုနှစ်နဲ့ချီပြီး အမျိုးသားညီလာခံကြီးက တစ်ဆင့် ဖော်ထုတ်ရနိုင်ဖို့ ကျားကုတ်ကျားခဲ လုပ်ထားပြီးလို့ အမျိုးသားညီလာခံကြီး ပြီးဆုံးချိန်ရောက်တော့မှ ရှေ့ခရီးမဆက်နိုင်အောင်လို့ နိုင်ငံရေးပယောဂတွေ ဝင်ပူးလာတာကို မြန်မာပြည်သူတွေ သတိပြုဖို့ လိုနေပါပြီ။ တိုက်ဆိုင်လွန်းပါတယ်။ အမျိုးသားညီလာခံပြီးလို့ ပြည်သူတွေ ဆန္ဒပြု၊ ဆန္ဒပေးရတော့မယ့် ကာလရောက်ချိန်မှာမှ ဆန္ဒပြတဲ့လုပ်ရပ်လေးတွေ နေရာကွက်ကျားမှာ တဖွဖွ ဖန်တီးလာကြတာဟာ ပယောဂ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။**

ယနေ့နိုင်ငံရေးကို အခြေခံထားတဲ့ အဖွဲ့အစည်းမျိုးစုံတွေရှိပါတယ်။ သူတို့ဟာ တိုင်းပြည်နေရာအနှံ့ ကိုယ့်စရိတ် ကိုယ်စားပြီး တွေ့ဆုံရှင်းလင်းပွဲတွေ လှည့်လည်လုပ်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလို အဖွဲ့အစည်းတွေရဲ့ အစီအစဉ်တွေ၊ ကြေညာချက်စာတမ်းတွေ၊ သဘောထားထုတ်ပြန်ချက်တွေ၊ အဲဒီ အဖွဲ့ ကိုယ်စားပြုသူတွေရဲ့ အမှာစကားတွေကလဲ စာအုပ်စာတမ်းလေးတွေအဖြစ် ဖြန့်ဝေထွက်ရှိနေပါတယ်။ အဲဒီအထဲမှာ လက်ရှိဖြစ်ပေါ်နေတဲ့ လတ်တလော တိုင်းပြည်အခြေအနေတွေကို ပွင့်လင်းစွာ သုံးသပ်ရေးသားထားတာတွေကို ထင်ထင်ကြီး တွေ့ရမှာဖြစ်ပါတယ်။

ကောင်းသောနိမိတ် လက္ခဏာအဖြစ်

ဒီလိုအနယ်နယ်မှာ သတင်းစာရှင်းလင်းပွဲတွေကို လွတ်လပ်စွာ လုပ်ကိုင်နေကြလို့ ‘တပ်မတော်အစိုးရ ဘက်တော်သား’မို့ ဒီလိုအခွင့် အရေးရတယ်လို့ မထင်ကြမိဖို့ လိုပါတယ်။ ဆန္ဒစောပြီး အမြင်လျှမ်းမနေကြစေချင်ပါ။ “စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ”ဆိုတဲ့လမ်းကြောင်း ကို အခြေခံအဖြစ် ဒီလို အနေအထားတွေကနေ စတင်အကောင်အထည် ဖော်နေပြီဆိုတဲ့အမြင်နဲ့ ကောင်းသောနိမိတ်လက္ခဏာအဖြစ် ရှုမြင်ကြည့်ကြပါဦးလို့ မောင်ဒွဲ့ဒိုး ပြောချင်ပါတယ်။

အဲဒီနိုင်ငံရေးနဲ့ နီးနွယ်ဖွဲ့ထားတဲ့ အဖွဲ့တွေနဲ့ ဖြန့်ဝေစာတမ်းတွေကိုလဲ အသေအချာ လေ့လာကြည့်စေချင်ပါတယ်၊ စေ့စပ်စွာ ဖတ်ကြည့်စေချင်ပါတယ်။ အဲဒီအခါမှာ သူတို့အဖွဲ့တွေရဲ့ စာတမ်းတွေထဲမှာ လက်ရှိနိုင်ငံရေး ဝေဖန်ချက်တွေအများကြီးပါတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အစွန်းလွတ်တယ်၊ ဝေဖန်စရာ သုံးသပ်တာတွေကလဲ စည်းကမ်းနည်းလမ်းနဲ့ ညီတာကို အထင်အရှား တွေ့ရမှာဖြစ်တယ်။ လတ်တလော Fuel ကိစ္စကိုပင် အစိုးရအပေါ် ဝေဖန်ဆန်းစစ်ကြတဲ့ စာတမ်းတွေကိုတောင် တွေ့ရပါတယ်။

လောင်စာဆီ ဈေးမြင့်တဲ့အပေါ် အကွက်ကောင်းလို့သတ်မှတ်ပြီး နိုင်ငံရေးလောင်မီးပွားအောင် ဖန်တီးလိုက်ကြသူတွေဟာ ဘယ်သူတွေလဲ။ သေချာတာကတော့ မြန်မာပြည်ကြီး စည်းကမ်း၊ နည်းလမ်းကျစွာ ဖွံ့ဖြိုးစည်ပင်စေမယ့် နည်းလမ်းစဉ်တွေကို အနီးကရော၊ အဝေးကပါ မရှုမြင်လိုသူတွေသာ ဖြစ်ပါတယ်။

ကမ္ဘာကြီးဟာ အလိုမကျမှုတွေနဲ့ ရစ်ပတ်နေ

ကမ္ဘာကြီးမှာ လူ့အလွှာတိုင်း၊ လူတန်းစားတိုင်းမှာ ကျေနပ်ခြင်း၊ မကျေနပ်ခြင်းဆိုတာ သူ့အမြင်၊ သူ့အတိုင်းအတာကိုယ်စီနဲ့ရှိတတ်ကြ ပါတယ်။ အလိုမပြည့်ခြင်းနဲ့ ဘယ်သူမှမကင်းပါဘူး။ ကနေ့ မောင်ဒွဲ့ဒိုးတို့ရဲ့ ကမ္ဘာကြီးဟာ အလိုမကျမှုတွေနဲ့ ရစ်ပတ်နေပါတယ်။ ဒီအတွက် ကိုယ့်ရဲ့ လိုလားတောင့်တမှုကို ဆန္ဒဖော်ထုတ်တာ လက်ခံနိုင်ပါတယ်။

ဒါပေမယ့် **ဆန္ဒပြတဲ့နည်းလမ်းနဲ့ ဆန္ဒကိုဖော်ထုတ်တာမျိုးကြောင့် အသိအမှတ်ပြုရမယ်ဆိုတဲ့ အတွေးကို ကနေ့ ဒီမိုကရေစီ တိုင်းကြီးပြည်ကြီး တွေအဖြစ် ညွှန်းဆိုထားတဲ့ အမေရိကန်အစိုးရတို့၊ အင်္ဂလန်အစိုးရတို့တောင် လက်မခံကြပါဘူး။**

သူတို့တိုင်းပြည်တွေမှာ ဗီယက်နမ်၊ အီရတ် ကျူးကျော်စစ်မျိုးကို သူတို့ပြည်သူတွေက မကျူးကျော်စေချင်တာမျိုး၊ စီးပွားရေးအကျပ်အတည်း တွေ့လာရင် သူတို့ပြည်သူတွေ လက်မခံကြောင်း ပြတာမျိုးအတွက် လမ်းမအသွယ်သွယ်ပေါ်မှာ လူအုပ်ကြီးတွေ ထောင်သောင်းချီပြီး ဆန္ဒပြ အရေးဆိုနေပါစေ၊ ဘယ်လောက်ပဲ အော်ဟစ်ဆန္ဒပြနေပါစေ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဖြစ်နေတာတောင် အဲဒီလိုပုံစံမျိုးနဲ့ ဆန္ဒပြတာကို အသိအမှတ်မပြုပေးပါဘူး၊ လက်ခံဖြေရှင်းမပေးပါဘူး။

ဆန္ဒပြစရာ မလိုပါ ဆန္ဒပြုရန်မှတစ်ပါး အခြားမရှိပြီ

သူတို့အစိုးရကို ကန့်သတ်နိုင်ဖို့

ဒါပေမယ့် ကျူးကျော်စစ်ဆင်နွှဲနေတဲ့ သူတို့အစိုးရကို ကန့်သတ်နိုင်ဖို့၊ စစ်အသုံးစရိတ် လျှော့ချနိုင်ဖို့၊ ကျူးကျော်စစ်အတွက် တပ်အင်အားလျှော့ချစေဖို့ဆိုတဲ့ အခြေအနေမျိုးရောက်အောင် အစိုးရကို ပြည်သူက ကန့်သတ်စေချင်ရင် လွှတ်တော်တွင်း၊ ပါလီမန်အတွင်းမှာ ပြည်သူက သူတို့တင်ထားတဲ့ ကိုယ်စားလှယ်တွေကတစ်ဆင့် ဆန္ဒပြု မဲခွဲဆုံးဖြတ်စေမှသာ အစိုးရက အသိအမှတ်ပြု လက်ခံပေးတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် **ဒီမိုကရေစီကို မြတ်နိုးကိုးစားသူတို့အနေနဲ့ ဒီမိုကရေစီ တိုင်းပြည်ကြီးတွေမှာတောင် ဆန္ဒပြတာခေတ်မစားတော့ဘဲ ဆန္ဒပြုတာနဲ့ ဒီမိုကရေစီကိုထူထောင်နေကြချိန်မှာ မြန်မာနိုင်ငံမှာလဲ အမျိုးသားညီလာခံကြီးက ချမှတ်ထားတဲ့ အခြေခံဥပဒေ မူကြမ်းများအတွက် အရင်ဆန္ဒပြုကြဖို့ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ အဲဒီဆန္ဒပြုကြရာမှတစ်ဆင့် ထွက်ပေါ်လာတဲ့ လိုအင်ဆန္ဒတွေကို အပြည့်အဝရကြဖို့ မျက်ခြည်မပြတ်ကြပါနဲ့ဦး။ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ရစ်ပြီးတစ်ရစ်ဖြစ်လာအောင် ကြိုးစားရဦးမှာပါ။ မြန်မာပြည်ကြီးရဲ့ ဒီမိုကရေစီသက်တမ်းက နုပါသေးတယ်။ ‘ဆိုကရေးတီး’လို ဖြစ်ရပ်မျိုးကြုံရရင်လဲ ကြောက်စရာပါ။**

ပြည်သူတွေဆန္ဒပြုရမယ့် အချိန်ကာလ

ဒါ့ကြောင့် မောင်ဒွဲ့ဒိုးရဲ့ ဟိုစပ်စပ်၊ ဒီစပ်စပ် အချက်အလက်လေးတွေကို တွေးတောဆင်ခြင်ကြည့်ကြပြီး ဆန္ဒပြလိုသူတွေ အသိခေါက်ခက် အဝင်မနက်ပါဘူးလို့ နားလည်ရပါတယ်။ ဒါ့အပြင် ဆန္ဒပြတဲ့နည်းလမ်းဟာ ဒီမိုကရေစီ တိုင်းပြည်ကြီးတွေမှာတောင် မအောင်မြင်တော့ဘူး၊ ခေတ်မမီတော့ဘူး။ ဆန္ဒပြုတဲ့နည်းလမ်းကသာ အသုံးဝင်ပါလား ဆိုတာကိုလဲ သိစေချင်ပါတယ်။ ဒါ့ကြောင့် ပြည်သူတွေဆန္ဒပြုရမယ့် အချိန်ကာလကို အမျိုးသားညီလာခံကြီးက ဖော်ဆောင်ထားပြီးပါပြီ။

အနောက်တိုင်းစကားပုံတစ်ခု ရှိပါတယ်။ **“မခုန်ခင် ကြည့်”**တဲ့။ ခုန်လိုက်မိကာမှ ချောက်ထဲ တန်းခုန်ချလိုက်သလို ဖြစ်နေဦးမယ်လို့ ပြောရင်း၊ **စဉ်းစား... တွေးတော... ဆင်ခြင်နိုင်ကြဖို့**။ ။

ဆန္ဒပြတဲ့နည်းလမ်းနဲ့ ဆန္ဒကို ဖော်ထုတ်တာမျိုးကြောင့် အသိအမှတ်ပြုရမယ်ဆိုတဲ့အတွေးကို ကနေ့ ဒီမိုကရေစီ တိုင်းကြီးပြည်ကြီး တွေအဖြစ် ညွှန်းဆိုထားတဲ့ အမေရိကန်အစိုးရတို့၊ အင်္ဂလန်အစိုးရတို့တောင် လက်မခံကြပါဘူး။

သူတို့တိုင်းပြည်တွေမှာ ဗီယက်နမ်၊ အီရတ် ကျူးကျော်စစ်မျိုးကို သူတို့ ပြည်သူတွေက မကျူးကျော်စေချင်တာမျိုး၊ စီးပွားရေး အကျပ်အတည်း တွေ့လာရင် သူတို့ ပြည်သူတွေ လက်မခံကြောင်းပြတာမျိုးအတွက် လမ်းမအသွယ်သွယ်ပေါ်မှာ လူအုပ်ကြီးတွေ ထောင်သောင်းချီပြီး ဆန္ဒပြ အရေးဆိုနေပါစေ၊ ဘယ်လောက်ပဲ အော်ဟစ်ဆန္ဒပြနေပါစေ ရွေးကောက် တင်မြှောက်ထားတဲ့ အစိုးရဖြစ်နေတာတောင် အဲဒီလို ပုံစံမျိုးနဲ့ ဆန္ဒပြတာကို အသိအမှတ် မပြုပေးပါဘူး၊ လက်ခံဖြေရှင်း မပေးပါဘူး။

လောင်စာဆီဈေးမြင့်တဲ့ အပေါ် အကွက်ကောင်းလို့ သတ်မှတ်ပြီး နိုင်ငံရေး လောင်မီး ပွားအောင် ဖန်တီး လိုက်ကြသူတွေဟာ ဘယ်သူတွေလဲ။ သေချာတာကတော့ မြန်မာပြည်ကြီး စည်းကမ်း၊ နည်းလမ်းကျစွာ ဖွံ့ဖြိုး စည်ပင်စေမယ့် နည်းလမ်းစဉ်တွေကို အနီးကရော၊ အဝေးကပါ မရှုမြင်လိုသူ တွေသာ ဖြစ်ပါတယ်။

10-9 (10) 1 9/10/07, 3:08 AM

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်) ပညာရည်ချွန်ဆုပေးပွဲ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်း(နေပြည်တော်)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ မိဘဆရာအသင်း ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမြတ်စိုးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် အလယ်တန်းကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက ကျောင်းသား ကျောင်းသူများအား ထူးချွန်အောင်မြင်အောင် သင်ကြား ပြသခဲ့ကြသည့် ဆရာဆရာမများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆု

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ကျောင်းအုပ်ဆရာကြီးတို့က ပညာသင်နှစ် အတန်းအလိုက် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ဆက်လက်၍မူလတန်းကျောင်းသူတစ်ဦးက တေးသရုပ်ဖော် အကဖြင့်လည်းကောင်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့်လည်းကောင်း သီဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပို့ချ

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)သည် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၅၃၇ဦး၊ ဆရာ ဆရာမ ၅၇ဦးတို့ဖြင့် စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခု ၂၀၀၇-၂၀၀၈ ပညာသင် နှစ်တွင် ကျောင်းသား ကျောင်းသူ ၂၁၁၄ဦး၊ ဆရာ ဆရာမ ၆၀ဖြင့် တိုးတက်ဖွင့်လှစ် သင်ကြား ပို့ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၅) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၅)တွင် ရေအောက်တွင် ရေစီးကြောင်းရှိသော ကမ်းခြေများ၌ ရေစီးကြောင်းကာတံတိုင်းဆောက်ပြီးမှသာ အပန်းဖြေကမ်းအခြေအဖြစ် ဖွင့်လှစ်သင့်၊ အဆင်သင့်စားသုံးနိုင်သည့် အစားအစာအချို့တွင် ဝမ်းလျှောနှင့်အစာအဆိပ်သင့်ဖြစ်စေနိုင်သည့် ဘက်တီးရီးယားပိုးများ ရှိနေတတ်၊ ကိုရီးယားစကားကျွမ်းကျင်ပါက အလုပ်အကိုင်အတွက် အခက်အခဲမရှိ၊ ခရီးသွားဧည့်သည်နှင့်ဧည့်လမ်းညွှန်အဆင်ပြေပါက ခရီးသွားလုပ်ငန်းပိုမိုတိုးတက်ပြီး နိုင်ငံဝင်ငွေ ပိုမိုရရှိနိုင်၊ ဗလမင်းထင်၏အိမ်တော်နေရာနှင့်လက်နက်တိုက် တူးဖော်တွေ့ရှိ၊ ဘလော့ဂ်များက ခေတ်သစ်မီဒီယာတစ်ခုအဖြစ် ရပ်တည်လာ၊ လုပ်ငန်းခွင်နယ်ပယ် အသီးသီးက မီဒီယာအထောက်အပံ့တစ်ခုအဖြစ် အသုံးချသင့် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ"ဆင်းရဲခြင်းမှလွတ်ကင်းအောင်" ရှုမြင်သုံးသပ်ချက်သတင်းဆောင်းပါးများ စုံစုံလင်လင်ဖြင့် ယနေ့ထွက်ရှိလာသည်။

'သူ့ရဲ့ ဦးတည်ချက် ရည်မှန်းချက်ဆီသို့' အားကစားဆောင်းပါးနှင့်အတူ လေယာဉ်ပြပွဲ၌ ကျွမ်းအလုပြလေယာဉ်နှစ်စင်း ဝေဟင်တွင် တိုက်မိ၊ ကလေးများများယူမည့် အိမ်ထောင်ရှင်ဖိုမစရိုက် အသက်ကွာခြားမှုသည် သော့ချက်ဟုဆို၊ နှုတ်ခမ်းမွေးနှင့်မုတ်ဆိတ်အလှ ချန်ပီယံလုပွဲ ဗြိတိန်တွင်ကျင်းပ၊ အာဆီယံနှင့်လွတ်လပ်စွာ ကုန်သွယ်ရေးညှိနှိုင်းမှုဆုံးတမ်းကို နယူးဇီလန်နှင့်သြစတြေးလျရက်ရွှေ့၊ အင်တာနက်ကဖေးဒုက္ခသည်ငါးထောင်ကျော် ဂျပန်တွင်ရှိ၊ မလေးရှားသွားဘုရင်စံချိန်အသစ်တင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ (ဝါခေါင်လကွယ်နေ့) စက်တင်ဘာ ၁၁ ရက် (အင်္ဂါနေ့)ည ၇ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ပဲခူးတိုင်း ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် အထက-(၂)ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးပညာပေး ဟောပြောပြိုင်ပွဲကို သပြေညိုခန်းမ၌ စက်တင်ဘာ ၂ရက်က ကျင်းပရာ ကျန်းမာရေး ပညာပေး ဟောပြောခဲ့သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာကော်မတီဝင် ဒေါက်တာဒေါ်ခင်လေးနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့က အမှတ်တရပစ္စည်း ပေးအပ်စဉ်။ (ဝ၅၂)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ထီးတော်သစ်တင်လှူပူဇော်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဝိဇယာရာမအရှေ့တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒက သက်တော်(၈၅)နှစ်ပြည့် မွေးနေ့အလှူတော် ငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၃ ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် အလှည့်ကျသဘာပတိ ဂေါပက ဦးစောကြိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ဆက်ကပ်စဉ်။ (က-ပ)

ရေဦးမြို့နယ် ကျောက်ချောလမ်းနှင့်မြေသားလမ်းခင်းခြင်းလုပ်ငန်းများ နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုတို့ လိုက်ပါလျက် စစ်ကိုင်းတိုင်း ရေဦးမြို့နယ် တင်းတိမ်ရုံစံပြကျေးရွာသို့ ရောက်ရှိလာရာ ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမောင်ဆွေနှင့် တင်းတိမ်ရုံစံပြကျေးရွာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တင်းတိမ်ရုံစံပြကျေးရွာ စည်ပင်သာယာဈေးကို ကြည့်ရှုစစ်ဆေးပြီး ဈေးသန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ရေးနှင့် ဈေးအတွင်း ပတ်လမ်းများ ရေမဝပ်စေရေးတို့ကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တင်းတိမ်ရုံ ဘူတာအနီးတွင် တူးဖော်ထားရှိသည့် စက်ရေတွင်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက စက်ရေတွင်းတွင် စက်များ တပ်ဆင်အသုံးပြုရာ၌ လိုအပ်သည့် စက်၏စွမ်းဆောင်နိုင်ရည်နှင့် မိမိလိုအပ်သည့် စွမ်းအားပမာဏအား ချိန်ညှိတပ်ဆင်ရန် လိုအပ်ကြောင်း၊ စက်များ လည်ပတ်အသုံးပြုရန်အတွက် လက်ရှိ အသုံးပြုနေသော လောင်စာဆီအစား စပါးခွံလောင်စာ စွမ်းအားများဖြင့် အချိန်ပိုင်းသို့မဟုတ် အချိန်ပြည့် လည်ပတ်နိုင်ရေးနည်းလမ်းများ ရှာကြံဆောင်ရွက်ကြရန်၊ ကျေးရွာတွင်း ရေပေးဝေမှုစနစ်အား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေဦးမြို့အဝင် မုခ်ဦးနှင့် မြို့တွင်း သာယာလှပမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းရဲကျော်စွာလမ်း ကတ္တရာခင်းနေမှု အခြေအနေများအား သွားရောက်စစ်ဆေးရာ **(အောက်ပုံ)** တာဝန်ခံ အင်ဂျင်နီယာ၏ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လမ်းများခင်းရာတွင် အရည်အသွေးပြည့်မီအောင် ခင်းရန်၊ လမ်းပခုံးများကို ဖြည့်ဆည်းသိပ်ဖို့ပေးရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် နှစ်စဉ်ရေဝင်သော အောင်ဆန်းရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်တို့အား ရေလျှံခြင်းမှ ကာကွယ်ရန်နှင့် ရေနုတ်မြောင်းတူးဖော်ရန် အချက်အလက်များ စုဆောင်း၍ စီမံချက် ရေးဆွဲတင်ပြရန် လိုကြောင်း မှာကြားခဲ့သည်။

ရည်မှန်းချက်

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိလာရာ အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့မှ မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြို့ပြနှင့်ကျေးလက် လမ်းတံတား ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီးက ကျေးလက်များဆောင်ရွက်ရာတွင် နှစ်စဉ်မြေသားလမ်းတိုးချဲ့ဖောက်လုပ်ရန် ရည်မှန်းချက်ထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဖွဲ့ပိုင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးပင်များ အရေအတွက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်နှင့် ခြံစည်းရိုးကြက်ဆူပင်အား တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးမြေရရှိရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူး

ပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

အဆင့်မြှင့်တင်

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တပင်ရွှေထီးလမ်း ကျောက်ချောခင်းခြင်းနှင့် ကျန်စစ်သားလမ်း ရေနုတ်မြောင်း တူးဖော်ခြင်း၊ မြေသားလမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးမှ မြေသားလမ်းအား သတ်မှတ်သော သိပ်သည်းဆရရှိစေရန် ရေဖျန်းခြင်း၊ စက်ကြိတ်ခြင်းများ ပြုလုပ်ပြီးမှသာ ကျောက်လမ်း၊ ကတ္တရာလမ်း စသည်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေစီးရေလာအားကောင်းစေရန်နှင့် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ လမ်းရေတိုက်စားမှု၊ ရေလျှံမှုနှင့် ရေဝပ်မှုများ မပေါ်ပေါက်စေရေး မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ကိုယ်တွေ့ဉာဏ်မြင်သမထဝိပဿနာ အကျင့်မြတ်အလုပ်တရားတော်ကြီးကို ကမ္ဘဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက စက်တင်ဘာ ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယအလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် လုံးချောက ဈာန်ထူးကို အနိုင်ရပြီး အလွတ်တန်းချန်ပီယံဆုဆွတ်ခူး ဘီလပ်မြေစက်ရုံက အသင်းလိုက်တံခွန်စိုက်ဆုဖလားရရှိ

၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်း ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ဈာန်ထူး(တောင်ကလေး)အား အနိုင်ရရှိသွားသော လုံးချော (ညောင်တုန်း) အောင်ပွဲခံနေစဉ်။

ရန်ကုန် စက်တင်ဘာ ၉

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ယနေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှုစားအားပေး

ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များအဖြစ် ကီလိုတန်း၁၀တန်း၌ ရိုးရာလက်ဝှေ့ကျော် ၂၀တို့က ရိုးရာလက်ဝှေ့ပွဲ ၁၀ပွဲကို ယှဉ်ပြိုင်ထိုးသတ်ကြရာမြန်မာ့ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ တစ်ခဲနက် ရှုစားအားပေးကြသည်။

အကြိတ် အနယ် ယှဉ်ပြိုင်

၂၀၀၇ ခုနှစ် မြန် မာ့ ရိုး ရာ လက် ဝှေ့ ရွှေ ခါးပတ် ချန်ပီယံ လုပွဲတွင် ပြိုင်ပွဲဝင်များ ဤသို့ အကြိတ် အနယ် ယှဉ် ပြိုင် ခဲ့ ကြ သည်။

၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်း ဗိုလ်လုပွဲ စဉ်အဖြစ် အောင်စစ်မင်း (မျိုးဆက်သစ်)နှင့် စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ စတုတ္ထအချီ ၂မိနစ်စက္ကန့် ၃၀တွင် စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲ အပြီးတွင် မြန်မာရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပထမရရှိသော စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်ခြံ) အား ရွှေခါးပတ်ဆုနှင့် ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယရရှိသော အောင်စစ်မင်း (မျိုးဆက်သစ်)အား ဆုတံဆိပ်နှင့် ငွေကျပ် တစ်သိန်းကို လည်းကောင်းပေးအပ်ချီးမြှင့်သည်။

ဖလိုင်းဝိတ်တန်း

၅၁ကီလို ဖလိုင်းဝတ်တန်းဗိုလ်လုပွဲစဉ်အဖြစ် ခိုင်လင်း(တောင်ကလေး) နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ အများမျှော်လင့်ထားသည့်အတိုင်း လက်ရှိချန်ပီယံ ရွှေကျည်ဆံက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ပွဲအပြီးတွင် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုးက ပထမရရှိသော ရွှေကျည်ဆံ(ဘီလပ်မြေစက်ရုံ)အား ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဒုတိယရရှိသော ခိုင်လင်း (တောင်ကလေး)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၅၄ကီလို ဘင်တန်ဝိတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ် အသည်းစွဲ(နှစ်ရှည်ဥယျာဉ်ခြံ)နှင့် စစ်သွေး(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီပြီးဆုံးသည်အထိ အနိုင် အရှုံးမပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးငါးဦးစလုံးက စစ်သွေး(ဘီလပ်မြေစက်ရုံ)ကို အနိုင်ပေးလိုက်သည်။

၂၀၀၇ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ လိုက်ဝယ်လ်တာဝိတ်တန်း (၆၃ ဒသမ၅)ကီလို ပြိုင်ပွဲတွင် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)အား အလဲထိုးဖြင့် အနိုင်ရရှိသွားသော ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း) အား ပွဲအပြီး တွေ့ရစဉ်။

သတင်းမြင်ကွင်း – ကိုဌေး
ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရွှေခါးပတ်ဆု

ပွဲအပြီးတွင် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က ပထမရရှိသော စစ်သွေး(ဘီလပ်မြေစက်ရုံ) အား ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဒုတိယရရှိသော အသည်းစွဲ(နှစ်ရှည်ဥယျာဉ်ခြံ)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၅၇ ကီလို ဘင်တန်ဝိတ်တန်း ဗိုလ်လုပွဲစဉ် အဖြစ် စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ရွှေထွန်းယုံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ငါးချီ ပြီးဆုံးသည်အထိ အနိုင် အရှုံးမပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ဒိုင်လူကြီး ငါးဦးစလုံးက စွမ်းအားရှင်(နှစ်ရှည်ဥယျာဉ်ခြံ) ကို အနိုင်ပေးလိုက်၍ ရွှေခါးပတ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားသည်။

ပွဲအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ယှဉ်/လေ့) ဦးနော်တောင်က ပထမ ရရှိသော စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ) ကို ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဒုတိယ ရရှိသော ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)အား ဆုတံဆိပ်နှင့် ငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

လိုက်ဝိတ်တန်း

ကီလို၆၀ လိုက်ဝိတ်တန်းဗိုလ်လုပွဲစဉ်အဖြစ် တွေ့မရှောင်(K.L.N)နှင့် သတ္တိအောင် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ တတိယအချီ ၂မိနစ် ၃၈စက္ကန့်၌ တွေ့မရှောင် (K.L.N)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုတံဆိပ်

ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ကွင်း/ရုံ)က ပထမရရှိသော တွေ့မရှောင်(K.L.N)အား ရွှေခါးပတ်ဆုနှင့် ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယရရှိသော သတ္တိအောင် (တောင်ကလေး)ကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဘယ်ဝိုက်လက်သီး

အလွတ်တန်း လက်ဝှေ့ချန်ပီယံလုပွဲတွင် ဝဲမှ ယာ ဈာန်ထူး(တောင်ကလေး)၏ ဘယ်ဝိုက် လက်သီး လုံးချော (ညောင်တုန်း)၏ မျက်နှာအား ဤသို့ ထိမိခဲ့သည်။

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ် ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နှင့် အောင်ဇေယျ(ဘီလပ်မြေစက်ရုံ) တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ ငါးချီပြီးဆုံးသည်အထိအနိုင်အရှုံးမပေါ်၍ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပရိသတ်က ပြတ်ပြတ်သားသား မထိုးနိုင်သည့်ဝင်းထွန်းကို မချင့်မရဲဖြစ်ကြသော်လည်း ဒိုင်လူကြီးငါးဦးစလုံးက ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)ကို အနိုင်ပေးလိုက်သည်။

ပွဲအပြီးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ပထမရရှိသော ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း) အား ရွှေခါးပတ်ဆုနှင့် ငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ ဒုတိယ ရရှိသော အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဝယ်လ်တာဝိတ်တန်း

၆၇ကီလို ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲ စဉ်အဖြစ် သူရရဲအောင် (မြန်မာပြည်သား)နှင့် အောင်သူရ (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ သူရရဲအောင် (မြန်မာပြည်သား) က ဒုတိယအချီ ၂မိနစ် ၃၇ စက္ကန့် ၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ငွေကျပ်နှစ်သိန်း

ပွဲအပြီးတွင် Myanmar Distribution Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ပထမရရှိသော သူရရဲအောင် (မြန်မာပြည်သား)အား ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်း ကိုလည်းကောင်း၊ ဒုတိယရရှိသော အောင်သူရ (မြို့တော်စည်ပင်)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၇၁ကီလို လိုက်မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ် မြလေးနွယ် (တောင်ကလေး)နှင့် ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ ၂မိနစ် ၁၄ စက္ကန့်၌ ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပထမရရှိသော ဘီလပ်မြေစတား (ဘီလပ်မြေစက်ရုံ)အား ရွှေခါးပတ်ဆုနှင့် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယရရှိသော မြလေးနွယ် (တောင်ကလေး) အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မစ်ဒယ်ဝိတ်တန်း

၇၅ကီလိုမစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲစဉ်အဖြစ် ကျားရိုင်း(တနင်္သာရီတိုင်း)နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရန်ကြီးအောင်(မြို့တော်စည်ပင်)က ပထမအချီ ၂မိနစ် စက္ကန့် ၂၀၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။

ဖွဲ့ဆုရရှိ

ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော ရန်ကြီးအောင်(မြို့တော်စည်ပင်) အားရွှေခါးပတ်ဆုနှင့်ငွေကျပ်နှစ်သိန်း ကို လည်းကောင်း၊ ဒုတိယရရှိသော ကျားရိုင်း(တနင်္သာရီတိုင်း)ကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဖွဲ့ဆုရရှိသော ရွှေထွန်းယုံ (ဘီလပ်မြေစက်ရုံ) အား ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊အကောင်းဆုံးရိုးရာလက်ဝှေ့သမားဆုရရှိသော တွေ့မရှောင် (K.L.N)အား ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာပြည်အလွတ်တန်းချန်ပီယံလုပွဲအဖြစ် ဈာန်ထူး(တောင်ကလေး) နှင့် လုံးချော(K.L.N) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ကရင်အမျိုးသားနှစ်ဦးဆုံတွေ့သော ပွဲဖြစ်၍ ရှာစားကျော် ချစ်စမ်းမောင်က ကရင်ဒုံးယိမ်းလက်သံဖြင့် ပွဲကိုမြိုင်စေခဲ့သည်။ ပရိသတ်များ အထူးမျှော်လင့်စောင့်စားနေသော အထွတ်အထိပ် ရိုးရာလက်ဝှေ့ပွဲဖြစ်ရာ ပွဲမစမီကပင် လက်ဝှေ့ကျော်နှစ်ဦးအား ဆုငွေများ တစ်ဖွဲဖွဲချကြသည်။

ကြိုးဝိုင်းဒိုင်က ထိုးဆိုသည်နှင့် လုံးချောက ဘယ်လက်သီးခင်းပြီး ညာလက်သီးဖြင့်ထိုးရာ ဈာန်ထူး မေးစေ့ထိပြီး ဖင်ထိုင်ကျသည်။ ပထမအချီ၌ လုံးချောအသာစီးမှ ထိုးရာ ဈာန်ထူး အမှတ်စဉ်နှစ်ကြိမ် ရေတွက်ခြင်းခံရသည်။ လုံးချော၏ ညာထောက် လက်သီးများက အမှတ်ချည်းဖြစ်နေရာ ဒိုင်လူကြီး ငါးဦးစလုံးက လုံးချော (K.L.N)ကို အနိုင်ပေးလိုက်ခြင်းဖြစ်သည်။

တံခွန်စိုက်ဆု

ပွဲအပြီးတွင် မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာပြည်အလွတ်တန်း ချန်ပီယံ လုံးချော(K.L.N)အား ရွှေတံဆိပ်ဆုနှင့် ငွေကျပ်၁၀သိန်းကိုလည်းကောင်း၊ ဒုတိယရရှိသော ဈာန်ထူး (တောင်ကလေး)အား ဆုတံဆိပ်နှင့် ငွေကျပ်ရှစ်သိန်းကို လည်းကောင်း၊ ရွှေတံဆိပ်သုံးခုနှင့် ငွေတံဆိပ်နှစ်ခုရရှိပြီး အသင်းလိုက် ပထမဆုရရှိသော ဘီလပ်မြေစက်ရုံ အသင်းအား တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar Distribution Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက လုံးချော(K.L.N)အား ငွေကျပ်နှစ်သိန်း၊ ဈာန်ထူး(တောင်ကလေး) အား ငွေကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့ ၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ ဝါသနာရှင်များ တစ်ခဲနက် လာရောက်အားပေး ကြည့်ရှုခဲ့ကြသည်မှာ . . .။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မက်ကလာရင်၊ ဂူးဟစ်ဒင့်နှင့် ယူရိုခြေစစ်ပွဲ

ကိုးကားတင်ပြသူ

မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၉

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစား ခဲ့တဲ့ အင်္ဂလန်နဲ့ အစ္စရေးပွဲမှာ အင်္ဂလန်အသင်း သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့လို့ အိမ်ကွင်းမှာ အင်္ဂလန်တို့ နိုင်ပွဲဈေးဦးပေါက်ခဲ့ပြီ ဖြစ်ပါတယ်။

မလျှော့နိုင်

အင်္ဂလန်အသင်း ယူရိုခြေစစ်ပွဲ အောင်မြင်ပါ့မလားဆိုတဲ့ ပရိသတ်တွေရဲ့ စိုးရိမ်မှုတွေဟာ အခုအစ္စရေးနဲ့ပွဲ နိုင်တာလောက်နဲ့ မလျှော့ပါးသွားနိုင်သေးပါဘူး၊ အင်္ဂလန်အသင်းဟာ လာမယ့်စက်တင်ဘာ ၁၂ ရက်မှာ ရုရှားအသင်းနဲ့ အိမ်ကွင်းမှာ ကစားရမှာမို့ ပရိသတ်တွေ ရင်မနေရပြန်ပါတယ်။

တိုးတက်နိုင်

အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်ဟာ စက်တင်ဘာ ၈ ရက်က ကစားခဲ့တဲ့ အစ္စရေးပွဲစဉ်မှာ ၄း၄း၂ ဗျူဟာခင်းကျင်းကစားခဲ့တာ မှန်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တိုက်စစ်မှာ အိုဝင်နဲ့ ဟက်စကီးတို့အတွဲက နားလည်မှုရှိရှိနဲ့ ထိုးဖောက်ကစားနိုင်သလို ဂိုးသွင်းခွင့်တွေလည်း အများကြီးရရှိခဲ့ပါတယ်။

မြင်တွေ့ရမည်

ဒါပေမယ့် အင်္ဂလန်အသင်းအတွက် ရွှန်နေနဲ့ ပီတာခရောချ်တို့က လွဲရင် တယ်ရီ၊ ဖာဒီနန်၊ ဂျရတ်စတဲ့ ဒဏ်ရာရရှိနေတဲ့ လူတွေအကုန်ထည့်သုံးခဲ့ရပါတယ်။ အစ္စရေးလိုအသင်းကို အိမ်ကွင်းမှာ ရင်တထိတ်ထိတ်နဲ့ကစားပြီး နိုင်ပွဲရခဲ့တာဆိုတော့ အခုကစားမယ့် ရုရှားအသင်းနဲ့ပွဲမှာတော့ အင်္ဂလန်အသင်းရဲ့ ခြေစွမ်းဟာ ပုံမှန်ဟုတ်မဟုတ်အကဲခတ် မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

ပြန်ရနေ

အင်္ဂလန်နည်းပြ မက်ကလာရင်ကတော့ "မိမိတို့ အင်္ဂလန်အသင်းဟာ

ရုရှားကိုအနိုင်ကစားမည်ဟု ပြောကြားနေသည့် အင်္ဂလန်နည်းပြ မက်ကလာရင်။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံးခြေစွမ်းကို ပြန်ရနေပါပြီ၊ ရုရှားကို ဒီခြေစွမ်းနဲ့ သေချာပေါက် အနိုင်ကစားမှာ ဖြစ်ပါတယ်လို့ ပြောကြားနေပါတယ်။ ဒါပေမယ့် အစ္စရေးထက် ရုရှားကို ပိုပြီးသတိထား ကစားသွားရမယ်လို့တော့ မှတ်ချက်ပြုထားပြန်ပါတယ်။

ရုရှားအသင်းရဲ့ ကစားပုံတွေကို ဗီဒီယိုအခွေတွေကတစ်ဆင့် မိမိကြည့်ပြီးဖြစ်လို့ ရုရှားဘောလုံးသမားတွေရဲ့ အနေအထားကို အတော်လေးသိရှိထားသလို ရုရှားတို့ရဲ့ ကစားတဲ့ နည်းဗျူဟာကိုလည်း မြင်တွေ့ပြီး ဖြစ်ပါတယ်လို့တော့ မက်ကလာရင်က ပြောကြားနေပါတယ်။

ရောက်ရှိနေ

အင်္ဂလန်အသင်းဟာ ယူရို ၂၀၀၈ ခြေစစ်ပွဲရဲ့ အုပ်စု (င) မှာ ရုရှားတို့နဲ့ ပွဲတူ၊ အမှတ်တူ ဖြစ်နေပါတယ်။ အင်္ဂလန်အသင်းဟာ ရှစ်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်တွေနဲ့ ၁၇ မှတ်ရရှိနေသလို ရုရှားတို့ကလည်း ရှစ်ပွဲကစား ငါးပွဲနိုင်၊ သုံးပွဲသရေနဲ့ ၁၇ မှတ်ရရှိပြီး အုပ်စု (င) မှာ ဒုတိယနေရာ ရောက်ရှိနေပါတယ်။

မြင့်မား

အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်ကတော့ အစ္စရေးကို အနိုင်ရခဲ့တဲ့အတွက် ကျွန်တော့်လူတွေ ခြေစစ်ပွဲအောင်ဖို့ စိတ်ဓာတ်မြင့်မားနေပြီး ရုရှားအသင်းကို အနိုင်ရဖို့ ခက်ခက်ခဲခဲကြိုးစား ကစားရမယ်လို့တော့ ပြောကြားနေပါတယ်။ တကယ်တမ်းလည်း အင်္ဂလန်အသင်းဟာ ရုရှားအသင်းကို တော်ရုံခြေစွမ်းနဲ့ ယှဉ်ပြိုင်လို့ မရပါဘူး။

သက်သေပြ

ရုရှားဟာ ယူရို ၂၀၀၈ ခြေစစ်ပွဲ ရှစ်ပွဲကစားပြီးတဲ့အချိန်အထိ ရှုံးပွဲတစ်ပွဲမှ မရှိသေးပါဘူး၊ ရုရှား တိုက်စစ်မှူးဖြစ်တဲ့ ကာဇာကော့ဗ်ဟာ ရှစ်ပွဲကစားပြီးချိန်မှာ ခြောက်ဂိုးသွင်းယူထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။ ဒါ့အပြင်အာရှာဗင်နဲ့ ဆေချော့ဗ်တို့ကလည်း ဂိုးသွင်းနိုင်ကြသူတွေဆိုတော့ ရုရှားတိုက်စစ်ဟာ ထက်မြက်မှုရှိတယ်ဆိုတာ ရှစ်ပွဲကစားပြီးချိန် ၁၃ဂိုး သွင်းယူထားနိုင်တာက သက်သေပြနေပါတယ်။

ရုရှားနည်းပြ ဂူးဟစ်ဒင့် ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်မှတ်တမ်းတင် နိုင်ပါ့ မလား။ (ဓာတ်ပုံ-အင်တာနက်)

အောင်ပွဲရနိုင်

ရုရှားနည်းပြ ဂူးဟစ်ဒင့် ကလည်း "မိမိတို့ အသင်းဟာ အင်္ဂလန်ကိုသွားကစားရတဲ့အခါ အမှားအယွင်းနည်းအောင် ကစားကြဖို့လိုတယ်။ လက်ရှိကစားအားနဲ့ မလုံလောက်ဘဲ ဒီထက်အားထုတ်မှ ရလိမ့်မယ်။ ဒါပေမယ့် အင်္ဂလန်ရဲ့မြေမှာ မိမိတို့ အောင်ပွဲရယူနိုင်ပါလိမ့်မယ်လို့ ပြောကြားနေပါတယ်။

စုစည်းမှုကောင်း

အမှန်အတိုင်းဆိုရင် ရုရှားတို့ဟာ ဒီအုပ်စုမှာတော့ ခြေစွာတဲ့အသင်းပါပဲ၊ ရှေ့လယ်နောက် အင်အားမျှတတဲ့ အသင်းဖြစ်သလို စုစည်းမှုအားကောင်းတဲ့ အသင်းလည်း ဖြစ်နေပါတယ်။ အထူးသဖြင့် တိုက်စစ်နဲ့ ခံစစ်ပိုင်း ကောင်းမွန်တဲ့ ရုရှားတို့ကို အင်္ဂလန် အသင်း ဘယ်လိုကျော်ဖြတ်မယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

စိတ်ဝင်စား

ပွဲတူ၊ အမှတ်တူ၊ သွင်းဂိုးတွေပါတူနေတဲ့ ရုရှားနဲ့ အင်္ဂလန်အသင်းတို့ရဲ့ အားပြိုင်မှုဟာ ခြေစစ်ပွဲအောင်ဖို့အတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်နေတာကြောင့် မက်ကလာရင်နဲ့ ဂူးဟစ်ဒင့်တို့ရဲ့ စွမ်းဆောင်မှုတွေကို စိတ်ဝင်စားစရာကောင်းအောင် မြင်တွေ့ရမယ့်ပွဲ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ဝယ်တာဝိတ်တန်းခါးပတ်လုပွဲ ဝစ်တာက ဟာရစ်အားအလဲထိုး

လန်ဒန် စက်တင်ဘာ ၉

ဗြိတိန်မှလက်ဝှေ့အကျော် ဂျူနီယာဝစ်တာသည် အင်္ဂလန်နိုင်ငံ၌ကျင်းပသော ဒဗလျူဘီစီလိုက်ဝယ်တာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် အမေရိကန်မှ လက်ရှိချန်ပီယံ ဗီဗီယန်ဟာရစ်အား အလဲထိုးပြီး ချန်ပီယံခါးပတ် ရယူနိုင်ခဲ့သည်။

အလဲထိုး

အသက် ၃၃နှစ်ရှိ ဝစ်တာသည် ဟာရစ်အား ပွဲစဉ်တစ်လျှောက် ဖိထိုးနိုင်ခဲ့ပြီး ခုနစ်ချီမြောက်တွင် အလဲထိုး အနိုင်ယူခဲ့သည်။

အသုံးချ

ဟာရစ်သည် လေးချီမြောက်တွင်လည်း ဝစ်တာ၏ပြင်းထန်သော ညာလက်သီးချက်ဖြင့်ကြမ်းပြင်သို့ လဲကျသွားခဲ့သည်။သို့သော်လည်း ပြန်ထလာပြီး ဆက်လက်ထိုးသတ်ခဲ့ကြသည်။ အရပ်၅ပေနှင့် ၁၁လက်မရှိသောဟာရစ်က အရပ်မြင့်မားမှုကို အသုံးချပြီး ဖွင့်ထိုးခဲ့သည်။ ဟာရစ်၏ဖွင့်ထိုးကစားကွက်ကြောင့် ဝစ်တာက ချက်ကောင်းများကို ထိအောင်ထိုးနိုင်ခဲ့သည်။ **(အင်တာနက်)**

လိုက်ဝယ်တာဝိတ်တန်းချန်ပီယံသစ်ဝစ်တာ။

စုစည်းတင်ပြသူ မြင့်မောင်စိုး

ကမ္ဘာ့နံပါတ်တစ် ဂျူစတင်ဟေနင် ဝီလျံညီအစ်မအား အနိုင်ရသည့် တင်းနစ်မယ်ဖြစ်လာ

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဂျူစတင်ဟေနင်။

နယူးယောက် စက်တင်ဘာ ၉

နယူးယောက်၌ကျင်းပလျက်ရှိသော ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်အားကစားမယ် ဂျူစတင်ဟေနင်သည် အမေရိကန်မှ ဗီးနပ်စ်ဝီလျံအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆွတ်ခူးနိုင်ခဲ့

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဂျူစတင်သည် ဗီးနပ်စ်ဝီလျံအား ၇-၆ (၇-၂)၊ ၆-၄ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။သူမသည် ၂၀၀၃ခုနှစ်က အဆိုပါယူအက်စ်ဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဒုတိယအကြိမ် ယူအက်စ်အိုးပင်းဖလားကိုဆွတ်ခူးရန် ရေပန်းစားနေသည်။

ဟေနင်သည် ၂၀၀၁ခုနှစ်နောက်ပိုင်း ဗီးနပ်စ်ဝီလျံနှင့် ဆီရီနာ ဝီလျံညီအစ်မအား အနိုင်ရသည့် ပထမဆုံး အမျိုးသမီးတင်းနစ်မယ်ဖြစ်လာသည်။

အနိုင်ရ

၂၀၀၁ခုနှစ်တွင် ဝီလျံညီအစ်မအား မာတီနာဟင်းဂစ်က ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အနိုင်ရခဲ့သည်။

သူမသည် ရုရှားတင်းနစ်မယ် ကွတ်ဇ်ညက်ဆိုဗာနှင့် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ ကွတ်ဇ်ညက်ဆိုဗာသည် တစ်နိုင်ငံတည်းသူ ချက်ဗီတက်ဗီအား အနိုင်ရပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ **(အင်တာနက်)**

ယူရို ၂၀၀၈ခြေစစ်ပွဲ အင်္ဂလန်က အစ္စရေးကိုဂိုးပြတ်နိုင်

အင်္ဂလန်အသင်းအတွက် တတိယမြောက်ဂိုးကို ရစ်ချတ်က ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ **(ဓာတ်ပုံ-အင်တာနက်)**

ဝင်ဘလေ စက်တင်ဘာ ၉

ယူရို ၂၀၀၈ ခြေစစ်ပွဲဘောလုံးပြိုင်ပွဲများ စက်တင်ဘာ ၈ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(င)မှ အင်္ဂလန်အသင်းသည် ဝင်ဘလေကွင်း၌ အစ္စရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးများကို ရှောင်ရိုက်ဖီးလစ်၊ မိုက်ကယ်အိုဝင်နှင့် မီကာက်ရစ်ချတ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်တစ်လျှောက်တွင် အင်္ဂလန် အသင်းက အစ္စရေးအသင်းကို ဖိကစားနိုင်ခဲ့သည်။ ယင်းပွဲတွင်အင်္ဂလန်အသင်း အနိုင်ရလိုက်သဖြင့် အုပ်စု (င)တွင် ရမှတ် ၁၇မှတ်ဖြင့် တတိယနေရာမှ လိုက်နေသည်။ ခရိုအေးရှားက ရမှတ် ၁၇မှတ်ဖြင့် အုပ်စုကို ဦးဆောင်နေသည်။ ရုရှားက ၁၇မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

စက်တင်ဘာ ၁၂ရက်တွင် အင်္ဂလန်တို့ ရုရှားနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ ယင်းပွဲတွင် အင်္ဂလန်တို့ အနိုင်ရခဲ့လျှင် ခြေစစ်ပွဲအောင်မည့် အလားအလာ ရှိလာမည်ဖြစ်သည်။

(အင်တာနက်)

အအေးမိ၊ တုပ်ကွေး၊ ဖျားနာ ပျောက်ဆေး၏ မှတ်သုံ –မေတ္တာလက်ဆောင်အစီအစဉ်

ဖလူဇာ

ရန်ကုန်စာတိုက်သေတ္တာအမှတ် ၉၀၅သို့ ဖလူဇာ ကတ်ခွံ(၃)ခုပို့လိုက်ရုံနဲ့ ထီးလှလှလေးတစ်လက်ပိုင်ဆိုင်နိုင်ပါပြီ။

လစဉ်ပထမဆုံးရောက်ရှိလာသော အမည် (၅၀၀) အား ဖလူဇာထီးအလက် (၅၀၀) မေတ္တာလက်ဆောင်အဖြစ် ပြန်လည်ပေးပို့ပါမည်။

အချိန်ကာလ – ဇွန်လ မှ စက်တင်ဘာလ အထိ

ချိပ်ပိတ်တင်ဒါ(Sealed Tendar)များခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	လက်တွေ့ခန်းသုံးပစ္စည်းများ	1 Lot
၂။	ကွန်ပျူတာဆက်စပ်ပစ္စည်းများ	1 Lot
၃။	Motor 3 Phase Pump (18 HP 2900 rpm)	1 Pc
၄။	UPS (600 VA)	10 Pcs
၅။	ပရိဘောဂပစ္စည်းများ	1 Lot

၂။ တင်ဒါပိတ်ရက်မှာ ၁၅–၉–၂၀၀၇ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
တောင်ကြီးတက္ကသိုလ်
ဖုန်း–၀၈၁–၂၂၆၅၀၊ ၀၈၁–၂၁၀၂၄။

ဖခင်အမည်မှန်

ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်ခင်ညွှန့်၏အမည်မှန်မှာ မောင်ချမ်းငြိမ်းဦးဖြစ်ပြီး ၎င်းဖခင်၏အမည်မှန်မှာ ဦးကျော်တင့် ဖြစ်ပါကြောင်း။

ဦးကျော်တင့်၊
မောင်ချမ်းငြိမ်းဦး။

အမည်ပြောင်း

အဖ ဦးမင်းမောင်၏ သမီး ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မငွေငွေခိုင်အား မလွင်မြတ်အေးဟု ပြောင်းလဲခေါ်ပါရန်။

မလွင်မြတ်အေး။

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
☎ 01- 394727,09-5123509

Golden Hope
ခရီးအညီ အမျိုးမျိုးနှင့် လချုပ်ငွေးရန် ကားမျိုးစုံ အဆင်သင့်ရှိသည်။
295556, 703220, 4412519

ဆရာ ဦးရွှေမြ

မြစ်ပွားနာ၊ အလုံးအကျိတ်အနာပေါက်အမျိုးမျိုး၊ ဂရင်ဂျီနာ လိပ်ခေါင်းရောဂါများကို ဆေးကုသပေးနေပါတယ်။

အမှတ် ၉၊ မင်းလမ်း၊ ဆရာစံတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၄၄၄၈၇။

မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဘားအံမြို့မီးသတ်အဆောက်အအုံပန္နက်တင်

ရန်ကုန် စက်တင်ဘာ ၉

ကရင်ပြည်နယ် ဘားအံမြို့ မီးသတ်စခန်း ငါးယူနစ် နှစ်ထပ်အဆောက်အအုံပန္နက်တင်အခမ်းအနားကို စက်တင်ဘာ၇ရက် မွန်းလွဲပိုင်းတွင်ကျင်းပရာ ရှေးဦးစွာ မြတ်အားမာန်ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်ဦးက ဆောက်လုပ်မည့် အဆောက်အအုံအခြေအနေကိုရှင်းလင်းတင်ပြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ငါးယူနစ်နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်ပေးကြသည်။

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ၈ရက်တွင် သထုံမီးသတ်စခန်းနှင့် ကျိုက်ထိုမီးသတ်စခန်းသို့ ဝင်ရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်များ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးဆရာတော်တရားပွဲ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် အမှတ် ၁၅ရပ်ကွက် (၆)ဝိုင်း ပစ္ဆိမာရုံ မြိတ်ကျောင်း မဂ္ဂင်ဓမ္မာရုံကြီး၌ (ဝါခေါင်လကွယ်နေ့)စက်တင်ဘာ ၁၁ရက် မွန်းလွဲ၂နာရီတွင် ကမ္ဘာ့သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဗဟုဇနဟိတရေ ဓမ္မကထိက (ဖြူး)ဆရာတော် ဘဒ္ဒန္တနရပတိမှ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်သည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(အဖိတ်နေ့)
၁၀–၉–၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တန်ခိုးတော်အနန္တပြည့်ဝ မွမ်းထုံ ရွှေစည်းခုံ
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၁၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Grammar made Easy
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၅း၂၀ ၁။ **၂၀၀၇ခုနှစ် အာဆီယံ ချန်ပီယံရှစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့် ထိုင်း)**
- ၁၇း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၇း၃၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) [အထက(၄)တာမွေ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၁၈း၀၀ ၄။ ညနေခင်းသတင်း
- ၁၈း၃၀ ၅။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နန်းမြင့်ကျေးရွာမှ လက်ရက်ကန်းချည်ထည်များ)
- ၁၈း၄၅ ၇။ တေးဂီတအစီအစဉ်
- ၁၈း၅၅ ၈။ ကြံတောင်သူတွေဝင်ငွေ သုံးဆတိုးဖို့ ဆင်းရွှေလီ ကြံစိုက်ကြစို့(အပိုင်း–၃)
- ၁၉း၀၅ ၉။ ဆောင်းပါးရှင် ကျော်ရဲမင်း၏ **အမေရိကန်၊ ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက်စွက်ဖက်မှုများ** (အပိုင်း–၄)
- ၁၉း၁၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၁၀)
- ၂၀း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း–၄)
- ၁၅။ နောက်တစ်နေ့အစီအစဉ်
- ၁၆။ အစီအစဉ်ပြီး၏။

မင်္ဂလာတောင်ညွန့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးနှင့်ပညာသင်ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်ပြည့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများသို့ ချီးမြှင့်သည့်ထောက်ပံ့ငွေအား ကာယကံရှင်များထံ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဗဟိုဌာနချုပ်မှ ထောက်ပံ့ချီးမြှင့်သည့် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခုနစ်ဦးအား တစ်ဦးလျှင်ကျပ် ၁၀၀၀၀နှုန်းဖြင့်လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့်တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့်လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည့်အပြင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှလည်း ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားတို့ကို ချီးမြှင့်ကြောင်း သိရသည်။ **(က–ပ)**

ဘားအံမြို့ စိုးရိမ်ရေမှတ်ကျော်လွန်နိုင်

နေပြည်တော် စက်တင်ဘာ ၉

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့၌ ၇၄၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်သို့ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပလင်းတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁ရက်က မြဝတီခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသက်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မပိုးဇာလီသူအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၈)

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၇ခုနှစ် သတ္တမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲကို စက်တင်ဘာ၂၅ရက်မှ၂၉ရက်အထိ နေ့စဉ်မွန်းတည့်၁၂နာရီမှစတင်၍ မိုးလုံလေလုံပြိုင်ပွဲရုံ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပမည်ဖြစ်သည်။

ဆုများ

ပြိုင်ပွဲတွင်ပထမဆုကျပ်တစ်သိန်း၊ တစ်ဦးချင်းဆုများနှင့် အသင်းလိုက်ဆု၊ ဒုတိယဆုကျပ်ခုနစ်သောင်း၊တစ်ဦးချင်းဆုများနှင့်အသင်းလိုက်ဆု၊ တတိယဆုကျပ်ငါးသောင်း၊ တစ်ဦးချင်းဆုများနှင့် အသင်းလိုက်ဆု၊ နှစ်သိမ့်ဆုရ အသင်းအား ငွေသားဆု ကျပ်သုံးသောင်းနှင့် အသင်းလိုက်ဆုများချီးမြှင့်မည်ဖြစ်သည်။

ထူးခြားချက်

ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်များမှာ ပထမ၊ဒုတိယ၊တတိယနှင့်နှစ်သိမ့်ဆုရ အသင်းလေးသင်းအား ချန်လှပ်၍ ကျန်ခြောက်သင်းအနက် ကျမှတ်အနည်းဆုံးအသင်းအား ကျမှတ်အနည်းဆုံးအသင်းဆုအဖြစ် ကျပ်နှစ်သောင်းနှင့် အသင်းလိုက်ဆုချီးမြှင့်မည်။၎င်းအပြင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရ အသင်းလေးသင်းအားချန်လှပ်၍ ကျန်ခြောက်သင်းအား တီဗွီတစ်လုံးမဲနှိုက်၍ ကံစမ်းစေမည်ဖြစ်သည်။

အခမဲ့

ပြိုင်ပွဲဒုတိယနေ့ စက်တင်ဘာ ၂၆ရက်မှ ၂၈ရက်အထိ နေ့စဉ်ကြည့်ခြင်းပွဲအလှခတ်များကို နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ထည့်သွင်းကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

မေးမြန်းနိုင်

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဦးသန်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း–၇၀၅၀၇၀၊ ၀၉–၈၀–၂၂၅၃၂၊ ဦးခင်မောင်မြင့် အတွင်းရေးမှူး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း–၃၉၃၄၂၀ နှင့် ဦးမျိုးမြင့် အတွင်းရေးမှူး(၂) ဖုန်း–၂၂၆၈၇၂တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၉

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာဝူရှူးအားကစားအဖွဲ့အား အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၅ရက် ညနေပိုင်းက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် မြန်မာဝူရှူးအားကစားအဖွဲ့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ငွေကျပ်တစ်သိန်း၊ ဝူရှူးအားကစားနည်းတာဝန်ခံနာယက ဒေါ်တင်လတ်မင်းက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်မင်းထွန်းက လက်ခံရယူသည်။ **(မြန်မာ့အလင်း)**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့စာအုပ်နှင့်စီဒီများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၉

မဟာဂီတတေးသံရှင် စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့က (၆၆)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ၎င်းကိုယ်တိုင် ရေးသားပူဇော်သီဆိုခဲ့သော ဗုဒ္ဓ ဓမ္မ သံဃ ပူဇာတေးများနှင့်ကိုယ်တိုင်သီဆိုခဲ့သော မဟာဂီတ CD ခုနစ်ချပ်၊ သုတရသစုံ၊ လုံးချင်း၊ မဂ္ဂဇင်း၊ စုစုပေါင်း စာအုပ်၁၀၀ကို သြဂုတ်၉ရက် နံနက်၁၀နာရီတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက လက်ခံသည်။

အဆိုပါလှူဒါန်းပွဲသို့ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပညာရေးအဖွဲ့ဝင်များ၊ အလှူရှင်၏မိသားစုနှင့်ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)အမက (၁၁) မူလွန်ကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၇ရက်ကကျင်းပရာ ဒုတိယတန်း (စ)မှ ပထမဆုရရှိသော မထက်ဝေအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေက ဆုချီးမြှင့်စဉ်။ (က–ပ)

ဟသ်ာတခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုနှင့် မြို့သူကြီးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဦးဆောင်မှုတို့ဖြင့် ဩဂုတ် ၁ရက်က နီးဘုရားကြီးဖြစ်ပေါ်လာစေရေးအတွက် ရဟန်းတော်များနှင့် ဒါယကာ ဒါယိကာမများက ရက်လုပ်ပူဇော်ကြစဉ်။ (၁၆၁)

ကလေးမြို့ တောင်သာ–မွန်ထာ ကျေးလက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ကလေး စက်တင်ဘာ ၃

ကလေးမြို့နယ် တောင်သာ–မွန်ထာကျေးလက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂၄ရက် နံနက် ၇နာရီခွဲက ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ တောင်သာနှင့်မွန်ထာကျေးရွာများမှ ပြည်သူများ အင်အား ၁၅၀၀ခန့် တက်ရောက်ကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြကြောင်း သိရသည်။ (၄၁၇)

ဟားခါး၌ မိခင်နို့တိုက်ကျွေးရေး ပညာပေး အိုင်အိုဒင်းဆားအကြောင်းဟောပြော၊ အခမဲ့ဖြန့်ဝေ

ဟားခါး ဩဂုတ် ၂၀

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ကျော်ဘုတ်ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရခြင်း အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက မိခင်နို့တိုက်ခြင်း၏ အာဟာရဓာတ်ပြည့်ဝမှုဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အခမဲ့ဖြန့်ဝေ

အလားတူ အိုင်အိုဒင်းဆားအကြောင်း အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ ဖြန့်ဝေခြင်း အခမ်းအနားကို မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ကျော်ဘုတ် ရပ်ကွက်၌ ဆက်လက်ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်မေရီတို့က အိုင်အိုဒင်းဆားအကြောင်း သိကောင်းစရာများကို ပြောကြားပြီး တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားများ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်း ကျင်းပမည့်(၁၂၂)ကြိမ်မြောက် ဆေးပဒ္ဒာန်းပူဇော်ပွဲအတွက် ဦးချန်ထွန်းအား ရည်စူး၍ ရန်ကုန်မြို့နေ ဇနီး ဒေါ်သိန်းညွှန့်၊ သား မောင်သိန်းနိုင်ထွန်းမိသားစုက ငွေကျပ်တစ်သိန်းကို ဩဂုတ် ၁၄ ရက်က ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံ ယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန် လည်ပေးအပ်စဉ်။

(၁၆၈)

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက် ရှိသည့် ဦးရာဇတ်လမ်း ကွန်ကရစ် တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရဆွေတို့ ကွင်းဆင်း ကြီးကြပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဩဂုတ် ၁၇ရက်က ရွှေကျင်မြို့မဈေးကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်းနေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နှင့် အမှုဆောင်အရာရှိ ဦးဝင်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လမ်းတာချဲ့ခြင်းလုပ်ငန်း မင်းတပ်မြို့၌ ဆောင်ရွက်

မင်းတပ် ဩဂုတ် ၂၅

မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ပန်းအော့ကျေးရွာလမ်း တာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်၊ ရေဒီယိုနှင့် အလှူငွေများလှူဒါန်း

သိန်းနီ ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သိန်းနီမြို့နယ် မိုင်းပါးကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်၊ ရေဒီယိုနှင့်အလှူငွေလှူဒါန်းပွဲကို ဩဂုတ် ၇ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်စံအေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွယ်နွယ်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တည်တံ့ရေး

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်စံအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရေဒီယို တစ်လုံးနှင့် သုတ၊ရသစာအုပ်မျိုးစုံ ၂၅၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာစောင်၃၀၊ ဒေါ်နန်ဆိုင်(နှင်းဟောမာန်စာပေ)က မဂ္ဂဇင်းစာအုပ် ၆၀၊ မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့က စာစောင် ၅၀နှင့် စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဝင်းမောင်နှင့် ဇနီးတို့က ငွေကျပ်တစ်သောင်း၊ ဗိုလ်ကြီး အောင်ဇော်လတ်က ငွေကျပ်၅၀၀၀နှင့် မောက်စလီကျေးရွာ အတွင်းရေးမှူး ဦးစံညွှန့်က ငွေကျပ်၄၀၀၀နှင့် ကောင်အိုင်ကျေးရွာဥက္ကဋ္ဌက ငွေကျပ် ၃၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ မိုင်းပါးကျေးရွာဥက္ကဋ္ဌ ဦးစိုင်စံအေးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဗိုလ်ချုပ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များစုဆောင်းမှုကို ဩဂုတ်၂၃ရက်က အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စုပေါင်းသန့်ရှင်း၊ ကျန်းမာရေးပညာပေး

ကျေးသီး ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီးမြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီက အခြေခံပညာ အထက၁ ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ဝေငှ

ရှေးဦးစွာ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းခြင်း၊ ကျောင်းသူ ကျောင်းသားများ အရပ်နှင့်ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကလေးသူငယ်များ အာဟာရတိုက်ကျွေးခြင်း၊ ရေကောင်းရေသန့်ရရှိရေး ဖုံး၊သွန်၊ လဲ၊ စစ် လက်တွေ့သရုပ်ပြခြင်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဝေငှပေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဟောပြော

ဆက်လက်၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကို အထကခန်းမ၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစုစုဒွေးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအောင် က ကြက်ငှက်တုပ်ကွေး ရောဂါအကြောင်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းခမ်းနွံက ခုခံအားကျဆင်းမှု အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ်အတွင်း သားငါး သယံဇာတ ပေါကြွယ်ဝစေရန် ရည်ရွယ်၍ ဩဂုတ် ၂၃ ရက်က ရေနံ့သာကျေးရွာရှိ စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပွဲကျင်းပရာ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးတင်မောင်ထွန်း၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှူး ဦးဇော်မင်းနောင်နှင့် ငါးလုပ်ငန်းမှ ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် စပါးစိုက်တောင်သူများ ငါးမျိုး စိုက်ထည့်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီ၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ စက်တင်ဘာ ၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၀၇-၂၀၀၈ခုနှစ်အတွက် သာယာဝတီမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက်က အကျဉ်းဦးစီးဌာနပိုင် လယ်မြေများ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အကျဉ်းဦးစီးဌာနတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းစိုးနှင့် အကျဉ်းဦးစီးဌာနဝန်ထမ်း မိသားစုများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်မြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက စပါးခင်း ဧက ၃၇၀အတွင်းသို့ ငါးသားပေါက် ကောင်ရေ ၁၈၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လေးလပတ် လုပ်ငန်းညှိနှိုင်း အမျိုးသမီးရေးရာ စေတနာ့ညကျောင်းဆရာမများ ထောက်ပံ့ငွေပေးအပ်

မန္တလေး စက်တင်ဘာ ၆

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၀နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ရှစ်ခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဒုတိယလေးလပတ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသမီးရေးရာ စေတနာ့ညကျောင်းများတွင် ကူညီသင်ကြားပြသပေးသော ဆရာမများအား မန္တလေးခရိုင်အတွက် ငွေကျပ် ၁၀၇၅၀၀၀၊ ပြင်ဦးလွင်ခရိုင် အတွက် ငွေကျပ် ၁၆၅၀၀၀၊ ကျောက်ဆည်ခရိုင်အတွက် ငွေကျပ်၄၀၅၀၀၀၊ မိတ္ထီလာခရိုင်အတွက် ငွေကျပ် ၃၁၅၀၀၀၊ မြင်းခြံခရိုင်အတွက် ငွေကျပ် ၅၅၀၀၀၀၊ ရမည်းသင်းခရိုင်အတွက် ငွေကျပ် ၈၀၀၀၀၊ နေပြည်တော်ပျဉ်းမနားအတွက် ငွေကျပ် ၂၀၀၀၀၀နှင့် ညောင်ဦးခရိုင်အတွက် ငွေကျပ် ၁၆၀၀၀၀ တို့ကို တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက ခရိုင်အလိုက်တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ဝါခေါင်လကွယ်နေ့
၁၁-၉-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဝါခေါင်လကွယ်တရားတော်)

နေ့လယ်ပိုင်း

၀၉း၀၀ နဝင်္ဂုပေါသထသီလပေးတရားတော်
(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ရေနံချောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယ)

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန်
(ခေတ်ဟောင်း/ကာလပေါ်တေး)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ
(သက်စုံရွယ်ညီတစ်ဦးစီသုံးပင်စိုက်ပျိုးရေးစည်းရုံးပေး)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက်
(အမျိုးသားရေး ဇာတိသွေးကို တွန်းအားပေးသည့် ကျမ်းစာ တစ်စောင်-ညွန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး
(လေးဆယ်ကျော်ဘဝမှာဖြင့်-လင်းဝေရည်)

၁၂း၂၀ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနနုဂ္ဂဟ
(သန်လျင်ရိပ်သာခွဲ ဝိပဿနာတရားရိပ်သာအကြောင်း ဆွေးနွေးခန်း)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ
(လဝါခေါင်တွင်း ခတ္တာသင်း-သာရဝေါစိုးကြည်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(ဆဋ္ဌမတန်း-ပထဝီဝင်-မြေဆီလွှာ)

ညနေပိုင်း

၁၆း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ဆဋ္ဌသင်္ဂါ ယနာတင်ပွဲတွင် ဖြေကြားတော်မူခဲ့သော "မဟာမဓမ္မပါလဇာတကသုတ္တန်")

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
(ကျစ်လျစ်သန်စွမ်းပြီး ကြံ့ခိုင်သော ကြွက်သားများ-မေလေး)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း
(ပြောစရာမလိုပါ)

၁၉း၁၅ မြန်မာမှု မြန်မာ့သဘင်-ကွက်စိပ်
(တွံတေးဒဂုံဆရာညွန့်၏ သတ္တဌာန စံတော်မူခန်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စက္ကန့်လေးတွေစိန်စီထားမယ် (ဟသ်ာတထွန်းရင်)
(၂) အလွမ်းတစ်ရာ ပန်းတစ်ရာ (မိမိလေး)
(၃) မေတ္တာမီးအိမ် (တွံတေးသိန်းတန်)

၂၀း၄၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာတရားတော်

THREE FRIENDS CONSTRUCTION CO., LTD.

လုံးချင်းနှင့်အထပ်မြင့်တိုက်များဆောက်လုပ်ပေးခြင်း

(PAE)စနစ် ⇨(ပစ္စည်းဖိုး + လုပ်အားခ+ကြီးကြပ်ခ) ပုတ်ပြတ်စနစ်ဖြစ်၍ မလိုအပ်သော အပိုကုန်ကျစရိတ်များ၊ ပစ္စည်းဈေးနှုန်း အပြောင်းအလဲကြောင့် ခန့်မှန်းသည်ထက်ပိုမို ကုန်ကျမှုများ မရှိတော့သဖြင့် မိမိကုန်ကျလိုသော **Budget** အတိုင်းသာ ကုန်ကျနိုင်ပါသည်။

အရည်အသွေး ⇨ကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဗိသုကာများက ပုံစံထုတ် အနီးကပ် ကြီးကြပ်စီစဉ် ဆောက်လုပ်သဖြင့် အရည်အသွေး ခိုင်မာစိတ်ချရပါသည်။ အရည်အသွေးအတွက် လက်ရှိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး တိုက်များကို လေ့လာနိုင်ပါသည်။

ငွေပေးချေမှု ⇨အရစ်ကျငွေပေးချေမှု စနစ်သာဖြစ်သဖြင့် ဆောက်ပြီးသားကို ဝယ်သကဲ့သို့ တစ်လုံးတစ်ခဲကုန်ကျစရာ မလိုပါ။

ဆောက်သင့်သူများ ⇨အိမ်တွင်လူခွဲမရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသူများ၊ပေးရသောတန်ဖိုးနှင့်ညီမျှသော အရည်အသွေးလိုချင်သူများ။

စဉ်းစားသင့်သည့်အချက် ⇨မိမိပိုင်သော မြေပေါ်တွင်ဆောက်သော ပုံသေပိုင်ပစ္စည်းဖြစ်သဖြင့် ရေရှည်ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

လက်ရှိကာလပေါက်ဈေး-(PAE ကုန်ကျစရိတ်+မြေဖိုး) =ကွာခြားချက် ကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ကုန်ကျစရိတ် ⇨**30'x40'**နှစ်ထပ်**RC** အဆောက်အအုံအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၄၀၀)ကျော်ဖြစ်သည်။အချိန်ကာလမှာ(၆)လခန့်သာကြာမြင့်ပါသည်။

44A(1)၊ ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာနအနောက်)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။ ဖုန်း-01- 201478, 294864, 298341, 299947 09-50 11443, 09-50 10289, 09-51 54853, 09-51 55037

ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

၀၈၀၈ ဝိုင် ၀၇၆၀၁
၁/၂၀၀၅ တဆထလ/တိုး (၀၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့် ဆေးခေါက်၊ ဆေးမြစ်၊ သစ်ဥ၊ ဆေးရွက်တို့ကိုပေါင်းခံကာ အဆီအနှစ် သီးသန့်ထုတ်လုပ်ထားသည့်အတွက် အဆစ်ရောင်ကိုက် ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျီးပေါင်းတက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်ခိုင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အရိုးအကြော အဆစ် ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက်ထုံကျဉ်ခြင်း၊ အကြောတက်ခြင်း၊ နာကျင်ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချွေးပေါက်ပိတ်ခြင်းမရှိပါ။

အမှတ်(၈/၂) သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ ဖုန်း-၆၄၁၅၀၁

အမြို့မြို့ရှိဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးသန်းစိုး၏ ဆယ်လူလာဖုန်းနံပါတ် ၀၉-၉၈၂၂၆၄၀ သည် ၂၂-၈-၂၀၀၇ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပါရန်။ **ဖုန်း-၀၁-၂၉၈၃၄၂။**

အမည်ပြောင်း

အဖ ဦးအေးလွင်၏ သမီး ညောင်လေးပင်မြို့ အလကကျောင်း အဋ္ဌမတန်း(အောင်)မှ မအေးသန့်မွန်အား မအေးမြတ်ငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြတ်ငြိမ်း။**

မိဘအမည်မှန်

ထားဝယ်မြို့ အထက(၃) သတ္တမတန်း(A)မှ မနွယ်သဇင်ဦး၏ မိဘအမည်မှန်မှာ ဦးလှရှိန် ၆/ထဝန (နိုင်) ၀၄၂၁၃၉နှင့် ဒေါ်မာမာမျိုး ၆/ထဝန (နိုင်) ၀၃၂၀၂၆ဖြစ်ပါကြောင်း။ **ဦးလှရှိန်-ဒေါ်မာမာမျိုး။**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၉၊ မြေကွက်တည်နေရာ အမှတ်၁၉၊ ၆ရပ်ကွက် ဝေဇယန္တာလမ်း တောင်ဥက္ကလာပ (ဒေါ်ခင်လှ၊ ဦးထွေး)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွေးကွယ်လွန်သဖြင့် ဒေါ်ခင်လှ ၁၂/ဥကတ(နိုင်)၀၃၉၆၆၇ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၄၅၃၉ Honda C 100 MN၊ MCယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မင်းအေး မှတ်ပုံတင်အမှတ် ၉/အမရ (နိုင်) ၀၁၉၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ် (၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ မရမ်းကုန်းမျက်နှာသုတ်ပဝါစက်ရုံ အမှတ် (၂၃) စက်ရုံအတွက် စက်အရန်ပစ္စည်းများကို ပြည်တွင်း/ပြည်ပအဝယ်ဈေးနှုန်း အဆိုပြုလွှာဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

တင်ဒါအမှတ် - 1/Spare Parts (L/F) 07-08
တင်ဒါပေးသွင်းရန် - ၁၀-၉-၂၀၀၇ရက်
တင်ဒါပိတ်ရက် - ၁၇-၉-၂၀၀၇ရက်

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၇-၉-၂၀၀၇ရက်မှစ၍ မရမ်းကုန်း မျက်နှာသုတ်ပဝါစက်ရုံအမှတ် (၂၃)တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ် ၁၊ ကန်ရိပ်သာလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

NLD သည် စက်သုံးဆီဈေးနှုန်းမြှင့်တင်မှုကြောင့် ကုန်ဈေးနှုန်းမြင့်တက်လာသည်ဟု အကြောင်းပြစွပ်စွဲ ပြည်သူများအတွင်း ဆူပူမှုများဖြစ်ပေါ်အောင် နည်းလမ်းမျိုးစုံသုံးကာ လှုံ့ဆော်ဖန်တီးလျက်ရှိ

NLD သည် နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့်၊ အကြည်ညိုပျက်စေသည့် ကြေညာချက်များထုတ်ပြန် နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်လာစေရန်တိုက်တွန်း

ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံများ၊ ပြည်ပြေးများနှင့်ပူးပေါင်း ၎င်းတို့၏ ရည်ရွယ်ချက်အစစ်အမှန်မှာ နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူရန်သာဖြစ်

နိုင်ငံတော်အစိုးရသည် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင်ဆောင်ရွက်မှုများကို လုံးဝလက်ခံမည်မဟုတ် တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တားဆီးနှိမ်နင်းအရေးယူသွားမည်

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီက ကြေညာချက်အမှတ်(၂/၂၀၀၇)ကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
သတင်းထုတ်ပြန်ရေးကော်မတီ၏ကြေညာချက်အမှတ် (၂/၂၀၀၇)

နေပြည်တော် စက်တင်ဘာလ (၈) ရက်

နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူပြီးချိန်မှစတင်၍ လုပ်ငန်းတာဝန်ကြီးလေးရပ် ချမှတ်ပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူများ စားဝတ်နေရေး သက်သာချောင်ချိစေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် ပြည်သူ့ဆန္ဒနှင့်အညီ ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဖော်ဆောင်ပေးခဲ့ပါသည်။ တစ်ချိန်တည်း၌ပင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၆ ကော်လံ ၁

မကွေးတိုင်း ပခုက္ကူမြို့၌ ဖြစ်ပွားခဲ့သည့် စက်တင်ဘာ ၅ ရက်နှင့် ၆ ရက် ဆန္ဒပြမှုဖြစ်စဉ်ကို အကြောင်းပြု၍ ဆူပူအုံကြွမှုများတွင် သံဃာတော်များ ပါဝင်လာစေရန် ပြည်ပအသံလွှင့်ဌာနများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက အမျိုးမျိုးဝါဒဖြန့်ပြီး နေ့စဉ်လီဆယ်လုပ်ကြံထုတ်လွှင့်လျက်ရှိသည်။ အလားတူပြည်တွင်းရှိ အဖျက်အမှောင့်သမားများကလည်း ပခုက္ကူမြို့ ဖြစ်စဉ်အား အမျိုးမျိုးချဲ့ကားလုပ်ကြံပြီး မြို့ကြီးများရှိ ကျောင်းတိုက်အချို့မှ သံဃာတော်များထံသို့ တယ်လီဖုန်းများဖြင့်ဆက်သွယ်ကာ သွေးထိုးလှုံ့ဆော်လျက်ရှိသည်။ ထို့အတူ သံဃာတော်များမှ ပြည်သူတို့၏ အခက်အခဲများအား လျစ်လျူရှုမနေဘဲ ဖြေရှင်းဆောင်ရွက်ပေးပါရန် စသည်ဖြင့် မမှန်မကန်ရေးသားထားသော လှုံ့ဆော်စာများ ပေးပို့လျက်ရှိကြောင်း သိရသည်။ ပြည်တွင်းပြည်ပအဖျက်သမားများအနေဖြင့် ကျောင်းသားထုအတွင်းနှင့် အလုပ်သမားထုအတွင်း ဝင်ရောက်၍ ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရေး ဦးတည်လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့သည့်အပြင် တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားသော ပြည်သူများက လက်မခံသဖြင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် သံဃာတော်များ ပါဝင်လာစေရေး စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ အဖျက်အမှောင့်သမားများအနေဖြင့် ၎င်းတို့၏ ရည်ရွယ်ချက်အတိုင်း ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် ဆူပူဆန္ဒပြမှုများတွင် သံဃာတော်များ မဖြစ်မနေပါဝင်လာစေရေး ဆိုးညစ်သည့် အကြံဖြင့် တစိုက်မတ်မတ် ကြံစည်ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

ဆန္ဒပြစရာ မလိုပါ။ ဆန္ဒပြုရန်မှတစ်ပါး အခြားမရှိပြီ။

ဒီမိုကရေစီကို မြတ်နိုးကိုးစားသူတို့အနေနဲ့ ဒီမိုကရေစီတိုင်းပြည်ကြီးတွေမှာတောင် ဆန္ဒပြတာ ခေတ်မစားတော့ဘဲ ဆန္ဒပြုတာနဲ့ ဒီမိုကရေစီကို ထူထောင်နေကြချိန်မှာ မြန်မာနိုင်ငံမှာလဲ အမျိုးသားညီလာခံကြီးက ချမှတ်ထားတဲ့ အခြေခံဥပဒေမူကြမ်းများအတွက် အရင်ဆန္ဒပြုကြဖို့ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ အဲဒီဆန္ဒပြုကြရာမှတစ်ဆင့် ထွက်ပေါ်လာတဲ့ လိုအင်ဆန္ဒတွေကို အပြည့်အဝရကြဖို့ မျက်ခြည်မပြတ်ကြပါနဲ့ဦး။ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ရစ်ပြီး တစ်ရစ် ဖြစ်လာအောင် ကြိုးစားရဦးမှာပါ။

မောင်ခွဲခိုး၏ ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

10-9 (20) 1 9/10/07, 3:09 AM